ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့ (27-1-2014) (၇၇၃၈)

ထူးခြားသည့် ညအပူချိန်များ

ပင်လောင်း	၂ ဒီဂရီစင်တီဂရိတ်
ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့်ပြိုင်ပွဲများသို့ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၆ နာရီတွင် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့် ပြိုင်ပွဲများသို့ တက်ရောက်အားပေးသည်။ **(ယာပုံ)**

ညနေပိုင်းတွင် ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆုများကိုပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုပေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆုရကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆောင်းသီးနှံရာသီ
နေ့စားအလုပ်အကိုင်ပေါ်များ

နန္ဒာမင်းလှိုင်

အမရပူရ ဇန်နဝါရီ ၂၆

အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု မြစ်ရေဝင်ကွင်းနှင့် မြေနုကျွန်းများတွင် ဆောင်းသီးနှံနှင့် ဂန္ဓမာပန်းစိုက်ခင်းများကို စိုက်ပျိုးလျက်ရှိရာ လက်လုပ်လက်စား လိုက်လံလုပ်ကိုင်နေသူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ရွှေကြက်ယက်၊ ရွှေလေးကျေးရွာအနီး ချောင်းဝကွင်းနှင့် ရေဝင်ချောင်းရိုးတစ်လျှောက်တွင် ဂန္ဓမာပန်းစိုက်ခင်းများကို အများအပြားစိုက်ပျိုးလျက်ရှိနေရာ ထိုပန်းခင်းများမှ အမျိုးသား အမျိုးသမီး အလုပ်သမားများကို ခေါ်ယူလုပ်ကိုင်လျက်ရှိသည်။ ပန်းစိုက်ခင်းအကျယ်အဝန်းကိုလိုက်၍ ပန်းစိုက်ပျိုးချိန် နို့ဝင်ဘာလအတွင်းမှ စတင်၍ လုပ်သားအင်အား ၁၀ ဦးဝန်းကျင်ခန့်ကို နေ့စဉ် ခေါ်ယူအသုံးပြုနေကြသည်။ ပန်းစိုက်ခင်းများအတွင်း နေ့စဉ် ပေါင်းသင်မြေဆွပေးခြင်း၊ ရေလောင်းခြင်း၊ မြေသြဇာကျွေးခြင်း၊ အပင်ပြုပြင်ပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပန်းပေါ်ချိန်တွင် ပန်းချိုးခြင်း၊ ပန်းစည်းခြင်းတို့ကို ပန်းတုံးချိန်အထိ ဆောင်ရွက်ကြရသည်။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခန့်အထိ အလုပ်ဝင်ကြရပြီး နေ့စားလုပ်အားခအဖြစ် အမျိုးသားတစ်ဦးလျှင် ကျပ် ၃၅၀၀ နှုန်းနှင့် အမျိုးသမီးတစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းရရှိကြောင်း သိရသည်။

"ပန်းစိုက်ခင်းတွေမှာတော့ နွေရာသီမြစ်ရေမဝင်ခင်ကတည်းက ပေါင်းမြက်အမှိုက်ရှင်းလင်းတာ၊ နွားချေးချတာတွေ၊ ထွန်ယက်တာတွေ စလုပ်ကြရတယ်။ မြစ်ရေကျပြီး ပန်းစိုက်တော့ မြေပြင်၊ မြေပေါင်ဆွဲ၊ ပန်းပင်စိုက်၊ မြေဆွ၊ ရေလောင်း၊ မြေသြဇာကျွေးစတဲ့ လုပ်ငန်းတွေအတွက် နေ့စဉ်လုပ်အားသွင်းရတယ်။ ပန်းပေါ်တော့လည်း ပန်းချိုး၊ ပန်းစည်းတာတွေလုပ်ကြရတယ်။ ပထမဆောင်းပန်းရာသီက နှစ်လခွဲ၊ သုံးလလောက် ကြာတယ်။ ဆောင်းပန်းပေါ်ပြီး နွေဂန္ဓမာပန်းတွေအတွက် ပန်းဖူးပြင်ပေးတာ၊ ရေလောင်း၊ ပေါင်းသင်၊ ပန်းချိုး၊ ပန်းစည်းတာတွေ လုပ်ရတယ်။ ပန်းစိုက်ခင်းတွေအားလုံး မိသားစုလုပ်အားနဲ့ မလုံလောက်တော့ လူငှားပြီး လုပ်ကိုင်ကြရတယ်။ အလုပ်အကိုင်တွေကတော့ တပေါင်းလကုန်လောက်အထိ မနားကြရဘူး"ဟု ဂန္ဓမာပန်းခင်းစိုက်ပျိုးသည့် ပန်းတောင်သူတစ်ဦးက ပြောပြသည်။

ရွှေကြက်ယက်၊ ရှမ်းကလေးကျွန်းစသည့် မြစ်ရေဝင်မြေနုကျွန်းနှင့် ရေဝင်ကွင်းများတွင်လည်း ဆောင်းသီးနှံ မြေပဲခင်း၊ ဖူးစားပြောင်းခင်း၊ ပဲခင်း၊ ဖရဲခင်းစိုက်ပျိုးသူများကလည်း ပေါင်းသင်၊ ပေါင်းလိုက်၊ ဆေးဖျန်း စသည့် လုပ်ငန်းများအတွက် နေ့စားလုပ်သားများကို နေ့စဉ်ခေါ်ယူလျက်ရှိနေသဖြင့် အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကြေးမုံစာတည်းရှထောင့် ၂၇-၁-၂၀၁၄၊ တနင်္လာနေ့

စာပေမြင့်မှ လူမျိုးတင့်မည်

'စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေသည် ဘဝ၏မီးရှူးတန်ဆောင်၊ စာပေသည် ဘဝ၏အလင်းရောင်၊ စာပေမြင့်မှ လူမျိုးတင့်မည်' စသည်ဖြင့် စာပေ၏ တန်ဖိုး၊ စာပေ၏အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အမျိုးမျိုးဖွဲ့ဆိုချီးမွမ်းထားကြပေသည်။

စာပေ၏အကျိုးကျေးဇူးမှာ အမှန်တကယ်ပင်ကြီးမားလှသည်။ စာပေမှပေးသော အသိပညာများသည်ရယူ၍ပင် ကုန်နိုင်ဖွယ်မရှိချေ။ စာပေ၏ အကျိုးကျေးဇူးကြောင့် လူ့ဘဝမြင့်မားတိုးတက်ခဲ့ရပုံများကို အမျိုးမျိုးအဖုံဖုံ ထုတ်နုတ်ပြခဲ့ကြ၍ သိခဲ့ကြရပြီးဖြစ်သည်။ ထို့ကြောင့် စာပေသည် ထာဝရလေ့လာဆည်းပူး၍ စဉ်ဆက်မပြတ်သင်ယူနိုင်သော တက္ကသိုလ်ကျောင်းတော်ကြီးဟု ဆိုနိုင်ပါသည်။

တစ်ချိန်သောကာလက မြန်မာနိုင်ငံရှိပြည်သူအများစုသည် ခေတ်ကာလ၏ ဖြစ်ပေါ်နေသော အခြေအနေအရ စာအုပ်စာပေတို့ကို ပိုမိုဖတ်ရှုကြသည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ယခုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားဉစ္စာရှာဖွေမှုများ၊ ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များ၊ အမျိုးမျိုးအဖုံဖုံသော အပန်းဖြေမှုများ မများလှသောကြောင့် လူတန်းစားမရွေး၊ အရွယ်မရွေး မိမိတို့၏အားလပ်ချိန်များတွင် စာပေအမျိုးမျိုးတို့ကို ဖတ်ရှုလေ့လာလိုက်စားကြသည်။

မျက်မှောက်ကာလတွင်မူ ခေတ်ကာလ၏ ဖြစ်ပေါ်လာသောအခြေအနေ၊ လူတို့၏မအားလပ်မှုနှင့် အခြားသော အချိန်ပေးမှုအမျိုးမျိုးတို့ကြောင့် စာအုပ်စာပေများကို လေ့လာလိုက်စားမှတ်သားမှု နည်းပါးလာသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့သော စိန်ခေါ်မှုများကြားတွင် စာပေကိုချစ်မြတ်နိုးသူများ၊ စာပေကိုလိုက်စားကြသူများက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများကို တွေ့မြင်နေရ၍ မြန်မာနိုင်ငံသားများအတွက် ဝမ်းမြောက်မိပါသည်။

အမှန်တကယ်အားဖြင့်မူ စာပေသည် ယနေ့ခေတ်လူငယ်များ၏ ဘဝများစွာအတွက် အောင်မြင်မှုရရှိရန် ကြိုးစားအားထုတ်ရာ၌ သိရှိထားသင့်သည့်အချက်များ၊ ခံယူရမည့်စိတ်ထားများပါရှိပြီးဖြစ်သည်။ မိမိတို့ဘဝအတွက် အောင်မြင်မှုရရှိစေရန် စာပေကိုလေ့လာလိုက်စားသင့်သည်။ သို့သော် အကျိုးပြုစာပေနှင့် အကျိုးမဲ့စာပေတို့ကို ခွဲခြားရွေးချယ် ဖတ်ရှုတတ်ဖို့လိုမည်ဖြစ်သည်။

စာပေကပေးသော အသိပညာများမှာ လူတန်းစားအလိုက်၊ ဘာသာရပ်အလိုက် သူ့အတိုင်းအတာနှင့်သူ အမြောက်အမြားရှိသည်။ စာပေကပေးသော အသိဖြင့် မိမိအကျိုး၊ အများအကျိုးမည်မျှဖြစ်ထွန်းသည်ကို စာပေဖတ်ရှုကြသူများသာ အသိဆုံးဖြစ်ပေလိမ့်မည်။ စာဖတ်သောသူနှင့် စာမဖတ်သောသူ၏ အကျိုးဖြစ်ထွန်းမှုများမှာ သိသာစွာ ကွာခြားလှသည်။

မျက်မှောက်ကာလတွင် စာပေလွတ်လပ်ခွင့်များ ပိုမိုထင်လင်းလာသဖြင့် စာဖတ်သူများ၏ အကျိုးစီးပွားအတွက် စာပေထုတ်ဝေသူများကလည်း အလေးထားရှေးရှုဆောင်ရွက်ပေးရန်လိုအပ်လာသည်။ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးများသော စာပေများကို အလေးထားထုတ်ဝေပေးဖို့လိုအပ်သလို မြန်မာနိုင်ငံသားစာဖတ်သူအများ ဖတ်ရှုနိုင်သောအနေအထားနှင့် ဖတ်နိုင်သောဝန်များလည်း ဖြစ်ဖို့လိုသည်။

စာပေမှတစ်ဆင့် စာဖတ်ပရိသတ်ပြည်သူတို့အား မှန်ကန်သော အလင်းရောင်၊ မှန်ကန်သောအသိပေးရန်လိုအပ်ပြီး စာဖတ်သူတို့အား မှားယွင်းသောအသိ၊ မှောင်မိုက်သောအမြင်များ မပေးမိရန်လိုအပ်ပေသည်။ ဆိုရှယ်မီဒီယာခေတ်စားလာသော ယနေ့ကာလတွင် စာအုပ်စာပေဝယ်ယူဖတ်ရှုနိုင်မှုအား နည်းလာပုံကို သတိပြုပြီး ပြည်သူအများအသိပညာရစေမည့် ဈေးနှုန်းချိုသာသော စာအုပ်များကို ရွေးချယ်ထုတ်ဝေလာမှုကို တွေ့ရသဖြင့် ကျေနပ်ပီတိဖြစ်မိသည်။

သို့ဖြစ်ပေရာ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသကဲ့သို့ မိမိနိုင်ငံနှင့်မိမိလူမျိုးမြင့်မားတိုးတက်စေရန်အတွက် အထောက်အကူပြုသော စာပေများကို ပိုမိုထုတ်ဝေကြရန်နှင့် စာဖတ်သူပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာခေတ်ကာလဖြစ်သော်လည်း မိမိတို့အကျိုးအတွက် မိမိရရှိသော အချိန်အတွင်းမှ နေ့စဉ်အချိန်တစ်ခုပေးပြီး စာပေကို တိုးတက်ဖတ်ရှုကြရန် တိုက်တွန်းပါသည်။ ။

အခြေခံပညာဆရာ ဆရာမများအထူးမွမ်းမံသင်တန်းဆင်း

နေပြည်တော် ဇန်နဝါရီ ၂၆

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၅၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ယနေ့အချိန်အခါမှာ ပညာရည်မြင့်မားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကလည်း အနာဂတ် နိုင်ငံ့အကျိုးအတွက် မျှော်မှန်းပြီး ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပေးပြီး ဆောင်ရွက်နေသည်ကို အားလုံးတွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ပညာရေးစနစ်၏ အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်လေ့လာဖော်ထုတ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်စေဖို့နှင့် အားနည်းချက်များကို ပြုပြင်ပြောင်းလဲရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်နေသည့်နေရာမှာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review -CESR) များမှ အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်း၏ လေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များအပေါ်မှာ အခြေခံခဲ့ကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး ကျွမ်းကျင်သည့် ပြည်တွင်းပြည်ပမှ ပညာရှင်ကြီးများနှင့် CESR လုပ်ငန်းကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သည့်နေရာမှာလည်း သုတေသနပြုလုပ်၍ ရလာသော သုတေသနရလဒ်ထောက်ခံအကြံပြုချက်များကို ရရှိခဲ့ပါကြောင်း၊ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများမှာ ဆရာဆရာမများအနေဖြင့် အမျိုးသားရေးတာဝန်သိစိတ်ဖြင့် ကျရာတာဝန်၊ ကျရာ အခန်းကဏ္ဍကနေပြီး တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ကို ကျေပွန်စွာပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် နိုင်ငံဖွံ့ဖြိုးမှုမှာ တိုက်ရိုက်အချိုးကျနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံကောင်းများကို လေ့ကျင့်သင်ကြားပေးနေကြရသည့် ဆရာဆရာမများအနေဖြင့် စာကိုလည်းသင်၊ လူကိုလည်း ပြင်ပေးကြရမည်ဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်းပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ထူးချွန်ထက်မြက်သူတွေ ပေါ်ထွန်းလာရန်အတွက် သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင် ဘာသာရပ်များကို ဟန်ချက်ညီအောင်လေ့ကျင့်သင်ကြားပေးနေကြရမည်ဖြစ်ကြောင်း၊ အတန်းလိုက်အတန်းကူးပြောင်းနိုင်ရေးထက် အတန်းလိုက်တတ်မြောက်ကျွမ်းကျင်မှုကို အလေးပေးပြီး သင်ကြားလေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရသင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခဲ့အလိုက်ပေးအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဝန်ကြီးချုပ် ဦးသိန်းအောင် ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် တွန်ပလွန်-သရက်ကုန်း-အနန်းကုန်း ကျေးရွာ ကျေးလက်လမ်း သုံးမိုင် တစ်ဖာလုံ မြေသားလမ်းခင်းနေမှုကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ပုသိမ်မြို့နယ် အနန်းကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆောင် (၂) တွင် ဆေးကုသမှုခံယူရန် ရောက်ရှိနေသည့် လူနာများနှင့် ယာယီဖွင့်လှစ်ထားသော အခမဲ့ဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ပုသိမ်မြို့နယ် အနန်းကုန်းကျေးရွာ အနန်းကုန်း ကရင်နှစ်ခြင်းအသင်းတော်တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ လှူတော်ဂျာနယ်နှင့်ရွှေဆောင်ဂျာနယ်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကြောင်ပန်းကုန်း-ညောင်ကုန်း-ကွင်းပေါက်ရွာတို့တွင် တာဖြစ်မြောင်းဖြစ် ဆောင်ရွက်နေမှုကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု၊ နတ်တလင်း-ဒမငယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၆

(၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် နတ်တလင်း-ဒမငယ်လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း တက်ရောက်အားပေးပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အရှည် ခုနစ်မိုင်၊အကျယ် ၁၂ ပေရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

❒ နိုင်ငံတော်သမ္မတမှ

ထို့နောက် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲနှင့်အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲများတွင် အကောင်းဆုံး အရှုံးသမားဆုရရှိကြသည့် အသင်းများ၊ Most Eagle, Most Birdie, Most Par, Longest Drive နှင့် Nearest Pin ဆုရရှိသူများ၊ တစ်ဦးချင်း (အကျောပေး)ပြိုင်ပွဲနှင့် (အကျောမဲ့) ပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများ၊ အသင်းလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိကြသူများအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၅၄၁ ချက်ဖြင့် တတိယဆုရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက လည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၅၃၇ ချက်ဖြင့် ဒုတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၆၆၇ ချက်ဖြင့် တတိယဆုရ ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကလည်းကောင်း၊ စုစုပေါင်း ရိုက်ချက် ၆၄၉ ချက်ဖြင့် ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်ကလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ၂၀၁၄ ခုနှစ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၅၃၄ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနနှင့် အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၆၄၉ ချက်ဖြင့် ပထမဆုရရှိသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းတို့အား ပြည်ထောင်စုအစိုးရ အဖွဲ့ဖလားကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဆုရ ပြိုင်ပွဲဝင်အသင်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် သည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စုအစိုးရ အဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ဂုဏ်ပြုညစာ စားပွဲဆက်လက်ကျင်းပရာ တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့နှင့်တွဲဖက်၍ ဖျော်ဖြေခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဆုရပြိုင်ပွဲဝင်အသင်းများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ်ပြည်ထောင်စုအစိုးရအဖွဲ့ဖလားဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် တတိယဆုရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

MNL Charity Cup 2014 ဘောလုံးပြိုင်ပွဲအဖြစ် MNL အမှတ်ပေး ချန်ပီယံရန်ကုန်အသင်းနှင့် MNL Cup ချန်ပီယံ ကမ္ဘောဇအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကမ္ဘောဇအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဇ - နှစ်ဂိုး

(ဂျူနီယာ၊ ဇီကိုဗစ်)

ရန်ကုန် - ဂိုးမရှိ

ကမ္ဘောဇအသင်းမှာ ဒုတိယပိုင်းတွင် သွင်းယူသောနှစ်ဂိုးဖြင့် ရာသီကြို MNL Charity Cup ကိုရယူကာ ရာသီအဖွင့် လှသွားခဲ့သည်။ နာမည်ကြီး ရန်ကုန်အသင်း ပုံမှန်ခြေစွမ်းပျောက်နေခဲ့ပြီး ကမ္ဘောဇအသင်းမှာ အကောင်းဆုံး ပုံစံမရခဲ့သော်လည်း ရရှိသည့်အခွင့်အရေးကိုအသုံးချနိုင်ခဲ့၍ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးများကို ငါးမိနစ်တွင်ကွင်းလယ်လူ ဂျူနီယာ၊ ၆၉ မိနစ်တွင် အသစ်ခေါ်ထားသည့် ခရိုအေးရှား တိုက်စစ်မှူး ဇီကိုဗစ်တို့က သွင်းယူခဲ့သည်။

ပွဲအပြီးတွင် ယခုပွဲမှရရှိသော ကွင်းဝင်ကြေးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် MNL ကလပ်အသင်းများမှ စုပေါင်းလှူဒါန်းငွေ စုစုပေါင်းကျပ်သိန်း ၁၀၀၊ ဘောလုံးနှင့်ဝတ်စုံတို့ကို ထောက်ကြန့်အမျိုးသမီးသင်တန်းကျောင်း၊ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနများသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် MNL ကလပ်အသင်းပိုင်ရှင်များက လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရရှိသွားသော ကမ္ဘောဇအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်သည်။

ဆီးရီးယားငြိမ်းချမ်းရေး ဆွေးနွေးပွဲ(၂)သို့ တက်ရောက်ကြမည့် ညှိနှိုင်းရေးခေါင်းဆောင် ယာဒီအဲလ်-ဆာဟရာ (ယာဒုတိယ)ဦးဆောင်သော အတိုက်အခံကိုယ်စားလှယ်အဖွဲ့ကို တွေ့ရစဉ်။

ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲ အစကောင်းသည်ဟု ကုလပြောကြား

ဂျီနီဗာ ဇန်နဝါရီ ၂၆

ဆီးရီးယားနိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားသည်မှာ သုံးနှစ်နီးပါးကြာပြီးနောက် စစ်မက်ပြုနေကြသည့် ရန်သူအဖွဲ့နှစ်ဖွဲ့သည် ယူပုံသဏ္ဍာန်စားပွဲ၏ တစ်ဖက်စီ၌ တိုက်ရိုက်စကားပြောဆိုခြင်းမပြုကြဘဲ စနေနေ့တွင် တွေ့ဆုံခဲ့ကြသည်။

တစ်ဆင့်ခံပြောဆိုကြရန် စီစဉ်ထားသော်လည်း ထိပ်သီးဆွေးနွေးပွဲအစမှာ ကောင်းမွန်ခဲ့ပြီး တနင်္ဂနွေနေ့တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း၊ အကျဉ်းသားများနှင့် ပြန်ပေးဆွဲခံရသူများကို ပြန်လွှတ်ပေးရေး ဆွေးနွေးကြဖွယ်ရာရှိကြောင်း ကုလသမဂ္ဂ ညှိနှိုင်းရေးမှူး လက်ခါဗရာဟီမီက ပြောကြားသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ၎င်းမှတစ်ဆင့် ပြောဆိုကြသည်ဟု ဗရာဟီမီက ပြောကြားသည်။

စနေနေ့ဆွေးနွေးပွဲတွင် ဝိုင်းရံထားခြင်းခံရသည့်ဟွမ်းမြို့သို့ အထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တန်းများ အန္တရာယ်ကင်းရှင်းစွာရောက်ရှိနိုင်သည့် လမ်းကြောင်းကိုညှိနှိုင်းကြသည်။

ဆွေးနွေးကြသည့် ပြဿနာများ၌ ဆီးရီးယားနိုင်ငံတွင် ကြားဖြတ်အစိုးရဖွဲ့စည်းရေးအတွက် အဓိကပြဿနာကို ဖြေရှင်းရာမှာ ရှိနေသည့်အဟန့်အတားများလည်းပါဝင်သည်ဟု ဗရာဟီမီက ပြောကြားသည်။ အောင်မြင်မှုမရရှိခဲ့သော်လည်း တနင်္ဂနွေနေ့တွင် ဆက်လက် ဆွေးနွေးကြမည်ဖြစ်ကြောင်း စနေနေ့ဆွေးနွေးအပြီး၌ သတင်းထောက်များကို ၎င်းက ပြောကြားခဲ့သည်။ **စီအန်အန်/ဘီဘီစီ။**



အီဂျစ်တော်လှန်ရေး တတိယနှစ်ပတ်လည်နေ့တွင် ကိုင်ရို၌ တိုက်ခိုက်မှုများဖြစ်ပွားပြီး လူ ၄၉ ဦး သေဆုံး

ကိုင်ရို ဇန်နဝါရီ ၂၆

၂၀၁၁ ခုနှစ်က အီဂျစ်နိုင်ငံသမ္မတ မူဘာရက်အား ပုန်ကန်ဆန့်ကျင်မှုများဖြစ်ပွားပြီး ရာထူးမှဖယ်ရှားပစ်ခဲ့သော တတိယမြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် ဇန်နဝါရီ ၂၆ ရက်နေ့၌ ကိုင်ရိုမြို့၌ဖြစ်ပွားခဲ့သော ဆန္ဒပြမှုတွင် တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ လူ ၄၉ ဦးထက်မနည်း သေဆုံးကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

စစ်ဘက်မှကျောထောက်နောက်ခံပြုထားသည့် အီဂျစ်အစိုးရအား ထောက်ခံသူများနှင့် ပြိုင်ဘက်ဆန္ဒပြသူများ ကိုင်ရိုမြို့တွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အီဂျစ်ရဲတပ်ဖွဲ့ဝင်များက လက်ရှိအီဂျစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြသူများအား ဖြိုခွဲနှိမ်နင်းခဲ့ပြီး ကိုင်ရိုနှင့် အလက်ဇန္ဒြီးယားမြို့များ၌ ဖမ်းဆီးမှုများပြုလုပ်နေကြောင်း သတင်းများထွက်ပေါ်နေသည်။ အီဂျစ်နိုင်ငံတွင် သမ္မတ မိုဟာမက်မော်စီအား ယမန်နှစ် ဇူလိုင်လအတွင်းက စစ်ဘက်မှ ဖြုတ်ချစဉ်ကတည်းက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများ၌ သေဆုံးခဲ့သူဦးရေမှာ ရာချီရှိပြီဖြစ်သည်။

အီဂျစ်နိုင်ငံသားများ အနေဖြင့် အီဂျစ်တော်လှန်ရေးသုံးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားများသို့ သွားရောက်ရန်အတွက် ကြောက်ရွံ့စရာမရှိကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီး မိုဟာမက်အီဘရာဟမ်က တိုက်တွန်းပြောကြားသည်။

အီဂျစ်စစ်ဘက်နှင့် လက်ရှိအစိုးရအားထောက်ခံသူ ထောင်ပေါင်းများစွာတို့သည် ၂၀၁၁ ခုနှစ်အတွင်းက ကျော်ကြားခဲ့သော တော်လှန်ရေးဗဟိုဆုံချက်နေရာဖြစ်သည့် တီဟာရင်ပြင်သို့ စုရုံးသွားရောက် ကြသည်။

ယင်းသို့သွားရောက်ကြသူများသည် အီဂျစ်နိုင်ငံအလံများကိုဝှေ့ယမ်းကြပြီး ၎င်းတို့ထဲတွင် လူအများအပြားက အီဂျစ်တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဗ္ဗဒယ်လ်ယာဟာအယ်စီစီအား သမ္မတ ရွေးကောက်ပွဲဝင်ရေးအတွက် တိုက်တွန်းရေးသားထားသည့် စာတန်းများကို ကိုင်ဆောင်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ကိုင်ရိုမြို့၌ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ထိပ်တိုက်ရင်ဆိုင်နေကြစဉ်။

ဆီးရီးယားသို့ ခရီးသွားသည့် ဗြိတိန်နိုင်ငံသားများကို ဖမ်းဆီးမည်ဟုဆို

လန်ဒန် ဇန်နဝါရီ ၂၆

ဗြိတိန်နိုင်ငံမှ ဆီးရီးယားနိုင်ငံသို့ ခရီးသွားသူမည်သူပင်ဖြစ်စေ ပြန်လာသောအခါ ဖမ်းဆီးခြင်းခံရမည်ဖြစ်ကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက စနေနေ့တွင် သတိပေးလိုက်သည်။

ဆီးရီးယား ပြည်တွင်းစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ရန် ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့ကြသူများအပေါ် အလွန်အမင်းစိုးရိမ်ကြောင်း မန်ချက်စတာ ရဲအရာရှိ ပီတာဖာဟေးကပြောကြားသည်။ ၎င်းသည် ရဲအရာရှိများအသင်း၏ အကြမ်းဖက် တန်ပြန်တိုက်ရေးကို ဦးဆောင်နေသူဖြစ်သည်။

ဆီးရီးယားနိုင်ငံမှ ပြန်လာကြပြီးနောက် အကြမ်းဖက်မှုများကျူးလွန်ကြသည်ဟု သံသယရှိသူ လူ ၁၆ ဦးကို ယခုလတွင် ဖမ်းဆီးခဲ့ကြောင်း၊ ယမန်နှစ်တစ်နှစ်လုံးတွင်မှ ၂၄ ဦးသာ ဖမ်းဆီးခဲ့ရကြောင်းနှိုင်းယှဉ်၍ ဘီဘီစီက သတင်းဖော်ပြခဲ့သည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် ဆီးရီးယားနိုင်ငံ၌ တိုက်ခိုက်နေသည့် ဗြိတိသျှနိုင်ငံသားရာပေါင်းများစွာကို ဘာသာရေး စစ်သည်များဖြစ်လာရန် သင်တန်းပေးလျက်ရှိကြောင်း၊ ဗြိတိန်နိုင်ငံသို့ ပြန်ရောက်သောအခါ တိုက်ခိုက်မှုများပြုလုပ်ရန်တိုက်တွန်းကြောင်း သဘောထားတင်းမာသော အီရတ်၊ အဲလ်ရှန်အစ္စလာမ့်နိုင်ငံမှ ပြည်ပြေးတစ်ဦးက ပြောသည်။

ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှ သိမ်းသွင်းထားသူများကိုလည်း ကားဗုံးလုပ်နည်းများသင်တန်းပေး၍ ၎င်းတို့နိုင်ငံ၌ အကြမ်းဖက်ကွန်ရက်များဖွဲ့စည်းရန် ပြန်ပို့လျက်ရှိကြောင်း မူရက်ဟုခေါ်သည့် ၎င်းပြည်ပြေးက ဒေလီးတယ်လီဂရပ် သတင်းစာသို့ ပြောကြားခဲ့သည်။

ဘီဘီစီ။

လစ်ဗျားတွင် အီဂျစ်သံတမန်များ ပြန်ပေးဆွဲခံရ

ထရီပိုလီ ဇန်နဝါရီ ၂၆

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၌ အီဂျစ်သံတမန်ငါးဦးနှင့် သံရုံးဝန်ထမ်းများကို သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင် ပြောကြားသည်။

ဤသို့ပြန်ပေးဆွဲခြင်းသည် အီဂျစ်နိုင်ငံတွင် လစ်ဗျားပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးကို ထိန်းသိမ်းထားခြင်းအတွက် လက်တုံ့ပြန်ခြင်းဖြစ်ဖွယ်ရာရှိသည်ဟုဆိုသည်။

အီဂျစ်နိုင်ငံက ၎င်း၏ အုပ်ချုပ်ရေးဆိုင်ရာ သံအရာရှိတစ်ဦးကို ထရီပိုလီမြို့တွင် သောကြာနေ့နှောင်းပိုင်း၌ ပြန်ပေးဆွဲသွားကြောင်း စောစောပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

စနေနေ့နံနက်စောစောအချိန်တွင် အခြားအီဂျစ်သံတမန်လေးဦးလည်း ပြန်ပေးဆွဲခံရကြောင်း လစ်ဗျားနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အဲလ်အက်စ်ဝပ်ကပြောသည်။

လစ်ဗျားသတင်းဌာနက ပြည်သူ့စစ်ခေါင်းဆောင် ရှာဆန်ဟာဒီယာကို အီဂျစ်နိုင်ငံတွင် ဖမ်းဆီးထားကြောင်း သတင်းဖော်ပြပြီးသည့်နောက် နာရီပိုင်းအကြာတွင် ဤသို့ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

၎င်းသည် ယမန်နှစ်က လစ်ဗျားဝန်ကြီးချုပ် အလီဇိုင်ဒန်ကို ပြန်ပေးဆွဲခဲ့သည့်အတွက် အပြစ်တင်ခြင်း ခံရသော ပြည်သူ့စစ်အဖွဲ့ ရီဗော်လူရှင်း(စ်) အော်ပရေးရှင်းရွန်း၏ ထိပ်တန်းအဖွဲ့ဝင်ဖြစ်သည်။

အီဂျစ်နိုင်ငံသို့ ဆေးကုသမှုခံယူရန် သွားရောက်ခဲ့သည့် ဟာဒီယာကို လွှတ်ပေးရန် အော်ပရေးရှင်းရွန်း၏ ပြောရေးဆိုခွင့်ရှိသူ အဒဲလ်အဲလ်ဂီယာနီက တောင်းဆိုခဲ့သည်။

ဟာဒီယာကိုမည်သည့်အတွက် ဖမ်းဆီးသည်ကို မသိရှိကြောင်း ဂီယာနီက အေပီသတင်းဌာနသို့ ပြောကြားခဲ့ပြီး သံတမန်တို့ကို ပြန်ပေးဆွဲရာတွင် ၎င်း၏အုပ်စု ပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။ **အေပီ။**

သိမ်းသွင်းထားသူများကို ဆီးရီးယားနိုင်ငံ၌ အယ်လ်ခိုင်ဒါအဖွဲ့က စစ်သင်တန်းပေးနေစဉ်။

ကွန်ဂိုနိုင်ငံမှ စစ်လက်နက်သိုလှောင်ရုံ မီးကြိုးထိမှန်ပေါက်ကွဲ လူ ၂၀ ထက်မနည်းသေဆုံး

မက်ဘူဂျီမေရီ ဇန်နဝါရီ ၂၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ စစ်လက်နက်ပစ္စည်းများသိုလှောင်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၀ထက်မနည်းသေဆုံးကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများကပြောကြားကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၂၄ ရက်တွင်မက်ဘူဂျီမေရီမြို့ရှိ ကြည်းတပ်အခြေစိုက်စခန်းရှိ ယင်းလက်နက်ဂိုဒေါင်အား မိုးကြိုးထိမှန်ရာမှ မီးလောင်ကျွမ်းပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းစစ်အခြေစိုက်စခန်းအနီးမှ လူနေအိမ်အချို့ပျက်စီးခဲ့ပြီး လူ ၅၀ ကျော်မှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂမစ်ရှင်က ပြောကြားသည်။ ဇန်နဝါရီ ၂၄ ရက်တွင် ဖြစ်ပွားခဲ့သော ယင်းပေါက်ကွဲမှုသည် အဆိုပါမြို့၏ အဓိကဈေးကြီးတစ်ခုအနီးတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုကြောင့် မက်ဘူဂျီမေရီမြို့လယ်ကောင်တွင် အနိဋ္ဌာရုံမြင်ကွင်းဖြစ်ရကြောင်း ကုလသမဂ္ဂမစ်ရှင်၏ သတင်းတွင်ဖော်ပြသည်။

အဆိုပါမြို့သည် ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ၏ တတိယအကြီးဆုံးဖြစ်ပြီး ယင်းနိုင်ငံ၏ စိန်သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း၏ အချက်အချာလည်းဖြစ်သည်။

ဘီဘီစီ။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာ၌ အခြေခံသဘောတရားချင်းတူသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးပုံချင်း တူညီမှုမရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင် အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က ယခုကဲ့သို့ မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှစီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံနိုင်အောင် စီစဉ်ပေးသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ယခုတွေ့ဆုံပွဲသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးလုပ်ဆောင်ပေးကြမည်ဖြစ်၍ အဓိပ္ပာယ်ပြည့်ဝသည့် တွေ့ဆုံပွဲဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် မျှော်မှန်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ် ထူထောင်နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလို ထူထောင်နိုင်ခြင်းကြောင့် ကမ္ဘာအရပ်ရပ်၌ရှိသည့် အစိုးရအသီးသီးက မြန်မာနိုင်ငံအပေါ် သဘောထားအမြင်များ ပြောင်းလဲလာပြီး အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ပေးခဲ့ပြီး ထိုရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဟု နိုင်ငံတကာက အသိအမှတ်ပြုခဲ့ပါကြောင်း၊ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံသားတစ်ဦး နိုင်ငံခြားသို့ သွားရောက်ပါက ဖော်ဖော်ရွေရွေ ဆက်ဆံလာကြသကဲ့သို့ မြန်မာနိုင်ငံသို့လည်း နိုင်ငံတကာမှ ဧည့်သည်များလာရောက်မှု ပိုမိုများပြားလာပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌဖြစ်လာချိန်တွင် ပြည်ပနိုင်ငံအသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌများ၊ အဖွဲ့အစည်းများ၏ ဖိတ်ကြားမှုအရ နိုင်ငံတကာသို့ ရောက်ရှိခဲ့ပြီး နိုင်ငံတကာက ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်များကို လေ့လာခွင့်ရရှိခဲ့၍ ပိုမိုနားလည်သိရှိခဲ့ရပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာ၌ အခြေခံသဘောတရားချင်း တူသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးပုံချင်း တူညီမှုမရှိပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်အခြေအနေ၊ ကိုယ့်သမိုင်းကြောင်းနှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းဖြင့် နိုင်ငံများ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း။

မိမိတို့နိုင်ငံတွင် အတိတ်သမိုင်းက ဆိုးရွားခါးသီးသော ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ အတိတ်ကာလက ဖြစ်ပေါ်ခဲ့သည်များကို ဆင်ခြင်သုံးသပ် သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အရှေ့အာရှအလယ်ပိုင်းနှင့် အာဖရိကတိုက်မှ နိုင်ငံအချို့တွင် အစိုးရနှင့် ပြည်သူများအကြား မတည်ငြိမ်မှုများဖြစ်ပေါ်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါကြောင်း၊ ထိုဖြစ်စဉ်ဖြစ်ရပ်မျိုး မဖြစ်ပေါ်စေရေးအတွက် သင်ခန်းစာ ရယူဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသုံးသပ်ရာ၌ အချက်သုံးချက်ကို အခြေခံစဉ်းစားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေဘဲ ပိုမိုကောင်းမွန်ဖြစ်ထွန်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေဘဲ ပိုမိုဖော်ဆောင်နိုင်ရေး၊ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပိုမိုအရှိန်အဟုန် ကောင်းမွန်စေရေး ဆိုသည့် အချက်များပင်ဖြစ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများကိုကြည့်ပြီး လောဘတကြီး မဆောင်ရွက်သင့်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးသည်မှာ မကြာသေး၍ မပြင်ဆင်သင့်သေးဟုလည်း မခံယူသင့်ကြောင်း၊ ဆင်ခြင်တုံတရားဖြင့် စဉ်းစားဆုံးဖြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုလွှတ်တော်က ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလျက်ရှိပါကြောင်းဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ဘုတလင်မြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်ပအလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် သုခစုစံကုမ္ပဏီမှ ပထမအကြိမ် ပြည်ပအလုပ်အကိုင်အခွင့်အလမ်း ပြပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ သုခစုစံကုမ္ပဏီ၏ သင်တန်းကျောင်းဝင်းတွင် ကျင်းပသည်။**(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် သုခစုစံကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့အခါ၌ ကမ္ဘာကြီးတွင် အလုပ်အကိုင် ရှားပါးမှု ပြဿနာကြုံနေရကြောင်း မြန်မာနိုင်ငံ၌လည်း အလုပ်အကိုင်ရရှိနိုင်ရန် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ချမှတ်၍ ဆင်းရဲမှုလျှော့ချရေး၊ အလုပ်လုပ်နိုင်သူများ ၎င်းတို့နှင့် သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် လုပ်သားအင်အားကို စနစ်တကျ အသုံးချရန်၊ ကျွမ်းကျင်သည့် အလုပ်သမားများ မွေးထုတ်ပေးရန်၊ အလုပ်အကိုင်ဆိုင်ရာ အတတ်ပညာ ကျွမ်းကျင်သူများအား ၎င်းတို့နှင့် သင့်လျော်သည့် အလုပ်အကိုင်များ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက် ရှိကြောင်း။

၂၀၁၂ ခုနှစ် ကုလသမဂ္ဂ၏ အစီရင်ခံစာအရ ကမ္ဘာပေါ်၌ ရွှေ့ပြောင်းလုပ်သား သန်း ၂၄၀ ကျော်ရှိကြောင်း၊ ၂၀၅၀ ပြည့်နှစ်အရောက်၌ ကမ္ဘာပေါ်တွင် ရွှေ့ပြောင်းလုပ်သား သန်း ၄၀၀ ခန့် ရှိလာနိုင်ကြောင်း၊ ထိုသို့ ဖြစ်ရခြင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လုပ်အားခများ မြင့်တက်လာသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဖွံ့ဖြိုးသေးသော နိုင်ငံများမှ လုပ်သားများအတွက် အလုပ်အကိုင် နေရာချထားပေးနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်တွင်းလုပ်သားဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပလုပ်သား လိုအပ်ချက် ဖြည့်ဆည်းရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်အေဂျင်စီ ၁၈၀ ကျော်ကို တရားဝင်ဖွင့်လှစ်ထားပြီးဖြစ်၍ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ပါက တရားဝင်အေဂျင်စီများမှတစ်ဆင့် သွားရောက်လုပ်ကိုင်ရန် ဖြစ်ကြောင်း၊ အေဂျင်စီများအနေဖြင့်လည်း တစ်ဖက်နိုင်ငံမှ အေဂျင်စီများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ထိုနိုင်ငံ၏ စက်ရုံ၊အလုပ်ရုံများရှိ အလုပ်ရှင်အစစ်အမှန်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးပြီး မြန်မာအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုအခါ ပြည်ပနိုင်ငံ ၁၅ နိုင်ငံသို့ အလုပ်သမားများ စေလွှတ်နေပါကြောင်း၊ မကြာမီ အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်း စေလွှတ်နိုင်ရေးအတွက် စီစဉ်လျက်ရှိပါကြောင်း၊ အေဂျင်စီများနှင့် အလုပ်သမားများသို့ ပြောကြားလိုသည်မှာ မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံသို့ မထွက်ခွာခင် ထွက်ခွာမည့်နိုင်ငံ၏ ဘာသာစကား၊ ဥပဒေ၊ ဓလေ့ထုံးစံ၊ လုပ်ငန်းဆိုင်ရာ အတတ်ပညာများကို သင်တန်းပေးစေလွှတ်စေလိုကြောင်း၊ ပြည်ပသို့ ကျွမ်းကျင်မှုရှိသူများကို စေလွှတ်ရန် လိုသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ကျွမ်းကျင်မှုအလိုက် အလုပ်အကိုင်နေရာရရှိရန်အတွက် အစိုးရနှင့် အေဂျင်စီများ ပူးပေါင်း၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းကိုဈေးကွက်တစ်ခုအနေဖြင့် ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော ပြပွဲမျိုးကို ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်သာမက အခြားမြို့များတွင်လည်း ပြသနိုင်ရေးအတွက် စီမံဆောင်ရွက်ရန် လိုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်းက ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းကြောင့် နိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိခြင်း၊ ဆင်းရဲမှုလျှော့ချနိုင်ခြင်း၊ မိသားစုဝင်ငွေတိုးတက်မှုရှိစေခြင်း၊ လုပ်သားများစွမ်းရည်မြင့်တက်လာခြင်း၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုနည်းစနစ်ကောင်းများ ရရှိနိုင်ခြင်း၊ အတတ်ပညာကို တိုးတက်ရရှိနိုင်ခြင်း၊ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးနိုင်ခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ယခုပြပွဲကို ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများသည် ကမ္ဘာအနှံ့ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိပါကြောင်း၊ အများစုမှာ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်တို့မှာ ဖြစ်ပါကြောင်း၊ ထိုသို့ အလုပ်လုပ်ကိုင်နေသော လုပ်သားများအတွက် နိုင်ငံတော်အနေဖြင့် လုပ်သားများအား အကာအကွယ်ပေးရေး အစီအမံများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအနှီးများ ရရှိစေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုကို လက်ခံဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း ပြောကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ တိုင်းဒေသကြီးဝန်ကြီး ဦးစိုးမင်း၊ မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် သုခစုစံကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ပြပွဲမုခ်ဦးဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီး ဦးစိုးမင်းတို့က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြပွဲကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ ပြပွဲတွင် ပြည်ပအလုပ်အကိုင်အေဂျင်စီပေါင်း ၄၁ ခုမှ ပြခန်းပေါင်း ၄၁ ခု ပြသထားပြီး အလုပ်အကိုင်ပြပွဲကို ဇန်နဝါရီ ၂၈ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲစတင်ကျင်းပသည့်နေ့မှစ၍ လာရောက်လျှောက်ထားသူပေါင်း ၁၂၅၆ ဦးရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်များဖြစ်ပေါ်လာရန် ပညာရေးသည်အရေးကြီး

နေပြည်တော် ဇန်နဝါရီ ၂၆

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့၌ ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ပျော်ဘွယ်မြို့နယ် ရွာသစ်(အနောက်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပညာရေးအခြေခံကောင်းမှသာ ခိုင်မြဲသည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုသည် အဓိကအခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပြီး ပညာရေးသည် ဒီမိုကရေစီစနစ်အတွက် အထူးအရေးကြီးသည့်ကဏ္ဍဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်သည့် ပြည်သူ့စွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှသာ အရာရာအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်ကောင်းများဖြစ်ပေါ်လာရန် ပညာရေးသည် အရေးကြီးပါကြောင်း၊ ပညာလည်းသင် ဘဝကိုလည်း ထိန်းကျောင်းပေးသည့်အတွက် စာသင်ကျောင်းဟု ခေါ်ဆိုပါကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့၏ တပည့်များအား မိမိတို့ရင်၌ဖြစ်သော သားကဲ့သို့ ဗလ(၅)တန် ပြည့်စုံဖွံ့ဖြိုးရန် လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ ဗလ(၅)တန် ပြည့်စုံခြင်းသည် ဆင်းရဲခြင်းကို တိုက်ဖျက်ခြင်းဖြစ်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် ပညာရေးဘတ်ဂျက်များအား တိုးမြှင့်ပေးလျက်ရှိပြီး ကျောင်းအဆင့်မြှင့်တင်ခြင်းများရရှိကာ လိုအပ်သည့်ကျောင်းဆောင်၊ လိုအပ်သည့် ဆရာ ဆရာမများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့၏ရင်သွေး၊ မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ပေးခြင်းဖြင့် လူသားစွမ်းရည် မြင့်မားပြီး ဂုဏ်ဒြပ်ထည်ဝါသည့် မိသားစု မျိုးရိုး၊ မျိုးဆက်ကို တည်ထောင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွာသစ်(အနောက်)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီးက အခြေခံပညာအထက်တန်းကျောင်းခွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွာသစ်(အနောက်)ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုဇနအား ဝင်ရောက်ဖူးမြော်သည်။

ရွာသစ်(အနောက်) အခြေခံပညာအထက်တန်းကျောင်းခွဲသည် ပျော်ဘွယ်မြို့၏ အနောက်ဘက် ခုနစ်မိုင်အကွာ ရန်ကုန်-မန္တလေးကားလမ်းမကြီး၏ အနောက်ဘက် ချောင်းမကြီးဆည် လက်ဝဲတူးမြောင်းမကြီးဘေးတွင် တည်ရှိပြီး ရွာသစ်ကြီး၊ ရွှေပန်းတော၊ ညောင်စောက်၊ သီးပင်၊ ညောင်ပင်တဲ၊ ချောင်းကမ်းကြီး၊ နမ်ချွန်၊ မောင်းတုံး၊ ထရံကာ၊ အေးသန်းကုန်းကျေးရွာများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၆၉၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ၂၀၁၁ ခုနှစ် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအဆင့်ကတည်းကပင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ မွေးထုတ်ပေးနိုင်ပြီး တိုင်းဒေသကြီးတက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း မြို့နယ်အဆင့်ပထမဆုရရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဖျင်ဇင်းကျေးရွာနှင့် တောတွင်လှကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ချောင်းမကြီးဆည် လူကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ချောင်းမကြီးချောင်း ဆည်ရေသောက်၊ ထရံကာရေသွယ်မြောင်း ကျောက်စီရေကျော် တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ရေကျော်မြောင်းတည်ဆောက်ပြီးစီးပါက ကျေးရွာအုပ်စု သုံးအုပ်စုရှိ ကျေးရွာ ၁၅ ရွာမှ လယ်ဧက ၁၃၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျေးရွာထုတ်ကုန်များ မြို့ပေါ်အရောက် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်မည့် ချောင်းမကြီးချောင်းအား ဖြတ်ကူးတည်ဆောက်ထားသည့် သီးပင်ကျေးရွာ ချောင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် ကျီတိုင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကိုကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အထက်တန်းကျောင်းခွဲသည် ပျော်ဘွယ်မြို့၏ အနောက်ဘက် မိုင် ၂၀ အကွာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အနောက်ဘက် ခြောက်မိုင်အကွာတွင် တည်ရှိပြီး မြင်းတဲ၊ ခက်လန်ကျင်း၊ ပေါက္ခနီး၊ နတ်စုံးမှော်၊ တောင်လည်၊ တောင်ချောင်းကျေးရွာများမှ ကျောင်းသားကျောင်းသူ ၄၈၁ ဦး ပညာသင်ကြားလျက်ရှိသည်။ ယခု ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိသွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ခိုင်မာစွာ ရပ်တည်နိုင်ရန် ပညာအခြေခံရှိရန်လိုအပ်ကြောင်း၊ ပညာရေးသည် ဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် အထူးအရေးကြီးပြီး အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်ရန်အတွက် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးနေသကဲ့သို့ မိဘများကလည်း ပညာရေးတွင် အားပေးကြသဖြင့် အသီးအပွင့်များ ပိုမိုဖြစ်ထွန်းလာပြီးဖြစ်ကြောင်း၊ လောကပါလတရားနှစ်ပါးဖြစ်သည့် ဟီရိ၊ ဩတ္တပ္ပတရားသည် အရေးကြီးပြီး စိတ်ဓာတ်တည်ဆောက်ရာတွင် ကောင်းမွန်သည့် အကျင့်စာရိတ္တဖြင့် တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရသည် ဆင်းရဲမှုလျှော့ချနိုင်ရန် အင်တိုက်အားတိုက် ဆောင်ရွက်ရာတွင် ပြည်သူ့အား လိုအပ်ပါကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာသည့် ပညာရေးအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံခေါင်းဆောင်ကောင်းများ မွေးထုတ်နိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ အခြေခံပညာအထက်တန်းကျောင်းခွဲဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ အထိမ်းအမှတ်အလံများအား ပေးအပ်သည်။

ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ကျောင်းသား ကျောင်းသူများ ပညာသင်ကြားခြင်းတွင် နှစ်မြှုပ်ရမည်သာမက ကျန်းမာရေးလိုက်စားပြီး ရပ်ကျိုးရွာကျိုး သယ်ပိုးနိုင်ကြသူများဖြစ်လာရန် သင်ကြားပေးရမည်

နေပြည်တော် ဇန်နဝါရီ ၂၆

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့၌ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရမည်းသင်းမြို့နယ် ပျားစည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းခွဲဆိုင်းဘုတ်ကို တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အစီအစဉ်ဒုတိယပိုင်းအခမ်းအနားအား ပျားစည်အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ဆောက်လုပ်ဆဲ မြတ်လေးဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ကျောင်းကောင်စီသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **(အပေါ်ယာပုံ)**ကျောင်းသား ကျောင်းသူများသည် ပညာသင်ကြားခြင်းတွင် နှစ်မြှုပ်ရမည်သာမက ကျန်းမာရေးလိုက်စားပြီး ရပ်ကျိုးရွာကျိုးသယ်ပိုးနိုင်ကြသူများဖြစ်လာရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကြံ့ခိုင်ရန်၊ ဟီရိဩတ္တပ္ပတရားပြည့်စုံရန်လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံတော်၏ မျိုးဆက်ကောင်းများပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်၊ ဆင်းရဲခြင်းလွတ်ကင်းရန် အခြေခံပညာကောင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျားစည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ပြီး အထက်တန်းကျောင်းခွဲအဆင့် တိုးမြှင့်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သူများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ယင်းနောက် ပျားစည်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ရတနာပုံသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယခုအဆင့်တိုးမြှင့်ဖွင့်လှစ်သည့် ပျားစည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ညောင်ပင်သာကြီး၊ ညောင်ပင်သာလေး၊ စက်ထိုးကြီး၊ စက်ထိုးဖောက်၊ ကျွန်းကျင်း၊ အိုင်တို၊ လွှပုံ၊ ဇလုပ်ကြီး၊ အင်ကြင်းသာ၊ သာယာအေး၊ မြိုင်သာယာ၊ ကြို့ပင်ရင်းစသည့်ကျေးရွာများမှ ကျောင်းသားကျောင်းသူ ၁၀၆၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး နှစ်စဉ်ထူးချွန်ကျောင်းသားများ မွေးထုတ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းရေး ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၁/၂၀၁၄)

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်
၁၃၇၅ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"အား ဥပဒေအဖြစ်ပြဋ္ဌာန်းရေး ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

၁။ **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** အား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ၁၅-၁၁-၂၀၁၃ ရက်တွင် ပေးပို့သည်။ နိုင်ငံတော်သမ္မတက ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေနှင့် မညီညွတ်သော ပြဋ္ဌာန်းချက်များ၊ ဒီမိုကရေစီကျင့်စဉ်နှင့် မညီညွတ်သော ပြဋ္ဌာန်းချက်များပါရှိခြင်းကြောင့် ပြင်ဆင်ပေးပါရန် အချက် (၁၆) ချက်အား သဘောထားမှတ်ချက်ပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ ၂၂-၁၁-၂၀၁၃ ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။

၂။ အဆိုပါ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ထပ်မံဆွေးနွေးပြီး အချက် (၂)ချက်ကိုသာ ပြင်ဆင်၍ ကျန် (၁၄)ချက်ကို မူလအတိုင်းပင် အတည်ပြုလျက် နိုင်ငံတော်သမ္မတ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်အရ ပြန်လည်ပေးပို့လာသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို အောက်တွင်ယှဉ်တွဲဖော်ပြသည်။

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်
၁။	၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်- "(ဆ) ပြည်ထောင်စုလွှတ်တော်ရုံးဆိုသည်မှာ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်သည့် ပြည်ထောင်စု လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသော ရုံးကို ဆိုသည်"	ဥပဒေကြမ်း၏ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဆ) အဖြစ် ပြည်ထောင်စုလွှတ်တော်ရုံးအား ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဦးဆောင်၍ သီးခြားရုံးဖွင့်လှစ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) တွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်အတွက် လွှတ်တော်ရုံးအား ဖွဲ့စည်းထားကြောင်း ပြဋ္ဌာန်းထားပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပခြင်းဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ် နာယကအဖြစ် ဆောင်ရွက်သော လွှတ်တော်မှ ဝန်ထမ်းများဖြင့် ရုံးလုပ်ငန်းဆောင်ရွက်နိုင်ပြီး လွှတ်တော်ရုံးဖွဲ့စည်း၍ ရုံးလုပ်ငန်းဆောင်ရွက်ရန် မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း သင့်တင့်သော ဝန်ထမ်းအင်အားဖြင့် ရုံးဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် မူလပြဋ္ဌာန်းချက်ပါအတိုင်း လွှတ်တော်ရုံးအဖြစ် ဖွဲ့စည်းတာဝန်ထမ်းဆောင်ခြင်းကသာ သင့်လျော်သောကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၂ တွင် ပုဒ်မခွဲ(ဆ)အား ဖြည့်စွက်ပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။
၂။	၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင် ပါရှိသော "လွှတ်တော်ရုံး"ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုလွှတ်တော်ရုံး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။	အထက်စာပိုဒ် ၂၊ စာပိုဒ်ခွဲ(က)ပါ ရှင်းလင်းချက်များအရ ဥပဒေကြမ်း၏ ပုဒ်မ ၃ အား ပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။
၃။	၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၏ နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ(ဇ)နှင့် (ဈ) အဖြစ် ဖြည့်စွက်ရမည်- "(ဇ) ပူးပေါင်းကော်မတီဆိုသည်မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သည့် ကော်မတီကို ဆိုသည်။ (ဈ) လွှတ်တော်အဖွဲ့အစည်းများဆိုသည်မှာ ပုဒ်မ ၇-ကနှင့် ၇-ခ တို့အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဆိုသည်။"	ဥပဒေကြမ်း၏ ပုဒ်မ ၄ တွင် မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၏ နောက်၌ ပုဒ်မခွဲ (ဇ)နှင့် ပုဒ်မခွဲ(ဈ) တို့ဖြင့် ပြည်ထောင်စုလွှတ်တော်က ပူးပေါင်းကော်မတီကိုလည်းကောင်း၊ လွှတ်တော်အဖွဲ့အစည်းများကိုလည်းကောင်း ဖွဲ့စည်းရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ တွင် **ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်**ဟု ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပူးပေါင်းကော်မတီများ၊ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကသာ ဖွဲ့စည်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်တွင် ယင်းအာဏာအပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သဖြင့် ဥပဒေကြမ်း၏ ပုဒ်မ ၄ အား ဖြည့်စွက်ပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။
၄။	၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် **"လွှတ်တော်အဖွဲ့အစည်းများ"** ဆိုသည့် ခေါင်းစီးစကားရပ်နှင့် အောက်ပါပုဒ်မများကို ပုဒ်မ ၇-က၊ ပုဒ်မ ၇-ခ၊ ပုဒ်မ ၇-ဂ၊ ပုဒ်မ ၇-ဃ နှင့် ပုဒ်မ ၇-င တို့အဖြစ် ဖြည့်စွက်ရမည်- **"လွှတ်တော်အဖွဲ့အစည်းများ** ၇-က။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများကို ပူးပေါင်းလျက် အောက်ပါလွှတ်တော်ကော်မတီများကို ဖွဲ့စည်းရမည်- (က) ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ (ခ) ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ။ ၇-ခ။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သည့် လိုအပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏အမည်၊ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။ ၇-ဂ။ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ၇-ဃ။ လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး သက်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို တာဝန်ခံဖြေကြားနိုင်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အချက်အလက်များကို တင်ပြစေခြင်းပြုနိုင်သည်။ ၇-င။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် နာယကကို တာဝန်ခံရမည်။"	ဥပဒေကြမ်း၏ ပုဒ်မ ၅ ပါ ပုဒ်မ ၇-က၊ ပုဒ်မ ၇-ခ၊ ပုဒ်မ ၇-ဂ၊ ပုဒ်မ ၇-ဃ၊ ပုဒ်မ ၇-င ပြဋ္ဌာန်းချက်များသည် အထက်စာပိုဒ် ၂၊ စာပိုဒ်ခွဲ (ဂ) ပါအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သော ပြဋ္ဌာန်းချက်များဖြစ်၍ ဖြည့်စွက်ပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။
၅။	၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ တွင်- (က) ပုဒ်မခွဲ (ဃ)၏ နောက်တွင် အောက်ပါ ပုဒ်မခွဲများကို ပုဒ်မခွဲ (င)၊ (စ)နှင့် (ဆ) တို့အဖြစ် ဖြည့်စွက်ရမည်- "(င) နိုင်ငံတော်နှင့် မဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ (စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ (ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း။" (ခ) ပုဒ်မ ၈၊ မူလပုဒ်မခွဲ(င)ကို ပုဒ်မခွဲ(ဇ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။	ဥပဒေကြမ်း၏ ပုဒ်မ ၆ သည် မူလဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဆ)တို့ဖြင့် ဖြည့်စွက်၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း၊ အာဏာပိုင်ပုဂ္ဂိုလ်တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားပါသည်။ ဤသို့ ပြဋ္ဌာန်းခွင့်ပြုမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းတို့၏ လုပ်ငန်းများကို စွက်ဖက်ရာရောက်သွားမည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်ပါ မဏ္ဍိုင်ကြီးသုံးရပ်တို့ကို တတ်နိုင်သမျှ အာဏာပိုင်းခြားသုံးစွဲရန်ဖြစ်သော အခြေခံမူကို ဆန့်ကျင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာလည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်တွင်သာ သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၆ အား ဖြည့်စွက်ပြဋ္ဌာန်းရန်မသင့်ပါ။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။
၆။	၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၉တွင်- (က) ပုဒ်မခွဲ(ခ)၌ ပါရှိသော "မေးမြန်းခြင်းနှင့် ဆွေးနွေးခြင်း" ဆိုသည့် စကားရပ်ကို "မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်များရယူခြင်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ (ခ) ပုဒ်မခွဲ(ဂ)၏ နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဃ)အဖြစ် ဖြည့်စွက်ရမည်- "(ဃ) လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ်တက်ရောက်ရန် နာယက၏ သဘောတူညီချက်ဖြင့် ပြည်သူများကို ဖိတ်ကြားခြင်း။"	ဥပဒေကြမ်း၏ ပုဒ်မ ၇ သည် မူလဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)၌ **အချက်အလက်များရယူခြင်း**ဟု ဖြည့်စွက်ထားခြင်းဖြစ်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေများနှင့် အခြားတည်ဆဲဥပဒေများအရ ကြည့်ရှုခွင့်၊ ပေးအပ်ခွင့်မရှိကြောင်း တားမြစ်ထားသည့် စာရွက်စာတမ်းများ၊ အချက်အလက်များရှိနေသဖြင့် **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသော စာရွက်စာတမ်းသို့မဟုတ် အချက်အလက်များမှအပ**ဟု ခြွင်းချက်ပြု၍ ဥပဒေကြမ်း၏ ပုဒ်မ ၇ အား ဖြည့်စွက်ရန် လိုအပ်ပါသည်။	ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

✱ စာမျက်နှာ ၇ မှ

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်
၇။	၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ၏ နောက်တွင် "လွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း" ဆိုသည့် ခေါင်းစီးစကားရပ်နှင့် အောက်ပါ ပုဒ်မကို ပုဒ်မ ၂၀-ကအဖြစ် ဖြည့်စွက်ရမည်- "လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း ၂၀-က။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည်- (က) လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့်ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်နာယကထံခွင့်ပြုချက်တင်ပြတောင်းခံရမည်။ (ခ) လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက်တစ်ဆက်တည်း ပျက်ကွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၀ နှင့် ပုဒ်မ ၁၅၅ တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာခြင်းခံရမည်။"	ဥပဒေကြမ်း၏ ပုဒ်မ ၁၂သည် မူလဥပဒေပုဒ်မ ၂၀ ၏ နောက်တွင်၊ ပုဒ်မ ၂၀-က အဖြစ် **ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်းပျက်ကွက်လျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု ကြေညာခြင်းခံရမည်**ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထိုသို့ပျက်ကွက်သော လွှတ်တော်ကိုယ်စားလှယ်အား ပုဒ်မ ၁၃၀၊ ပုဒ်မခွဲ(ခ) အရ ပြည်သူ့လွှတ်တော်ကလည်းကောင်း၊ ပုဒ်မ ၁၅၅ အရ အမျိုးသားလွှတ်တော်က လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြဋ္ဌာန်းထားပါသည်။ ပြည်ထောင်စုလွှတ်တော် နာယကက ထိုသို့ တိုက်ရိုက်အရေးယူရန်ကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ခြင်းကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၂၀-ကအား ဖြည့်စွက်ရန် မသင့်ပါ။	နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်အတိုင်း အတည်ပြုသည်။
၈။	၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်- "၂၁။(ခ) နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်း။"	ဥပဒေကြမ်း၏ ပုဒ်မ ၁၃သည် မူလဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်ဖြစ်သည့် **နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း**ဟူသော ပြဋ္ဌာန်းချက်အား **ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း**စကားရပ်တို့ကို ဖြည့်စွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ(ခ)အား ဆန့်ကျင်သဖြင့် ဖြည့်စွက်ပြင်ဆင်ရန်မသင့်ပါ။	နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်အတိုင်း အတည်ပြုသည်။
၉။	၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်- ၂၂။(ဃ) နာယကသည် လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ရယူရာ၌ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့်သော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့် အခြား နည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်းဆောင်ရွက်နိုင်သည်။	ဥပဒေကြမ်း၏ ပုဒ်မ ၁၄ ပြဋ္ဌာန်းချက်တွင် မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းသည် လျှို့ဝှက်၍ လွတ်လပ်စွာဆန္ဒပေးနိုင်သည့် ဒီမိုကရေစီကျင့်စဉ်နှင့် မညီညွတ်သဖြင့် ပယ်ဖျက်သင့်ပါသည်။ ထို့ပြင် မူလပြဋ္ဌာန်းချက် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)တွင် **သင့်လျော်သည့် အခြားနည်းလမ်းတစ်ခုခုဖြင့်သော်လည်းကောင်း**ဟု ဖြည့်စွက်ထားခြင်းသည် အရေးကြီးသော မဲခွဲဆုံးဖြတ်မှုများတွင် မရေရာသည့် နည်းလမ်းကို အသုံးပြုရန် သင့်လျော်ခြင်းမရှိပါသဖြင့် ဥပဒေကြမ်း၏ ပုဒ်မ ၁၄ အား ဖြည့်စွက်ရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၀။	၁၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉ တို့ကို အောက်ပါ အတိုင်း အစားထိုးရမည်- "၂၅။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားနိုင်ငံရေးပါတီ တစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။ **ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တင်ပြခွင့်** ၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် - (က) နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။ (ခ) လွှတ်တော်ကဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့ တစ်ရပ်ရပ်၏ အစည်းအဝေးသို့ ယင်းကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။ (ဂ) လွှတ်တော်ကော်မတီများက မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မေးမြန်းလာပါက ဆောင်ရွက်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်းမရှိပါက ထိုသို့ပြီးစီးခြင်း မရှိသည့် အကြောင်းရင်းကို ပြန်ကြားခွင့်ရှိသည်။ (ဃ) ကော်မတီများက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သောကိစ္စအတွက် ဆွေးနွေးတင်ပြရန် ဖိတ်ကြားပါက လာရောက်ရှင်းလင်း ဖြေကြားခွင့်ရှိသည်။ ၂၇။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် လွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။ ၂၈။ လွှတ်တော်အစည်းအဝေးသို့ဖြစ်စေ၊ လွှတ်တော်ကဖွဲ့စည်းသည့် အခြား ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့် အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်းမပြုရ။ ၂၉။ ပုဒ်မ ၂၅ နှင့် ၂၈ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ×××××× ××××××× ×××××။"	ဥပဒေကြမ်း၏ ပုဒ်မ ၁၅ သည် မူလဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ကို အစားထိုးဖော်ပြခြင်းဖြစ်ပါသည်။ အထက်စာပိုဒ် ၂၊ စာပိုဒ်ခွဲ(ဂ)ပါ သဘောထားမှတ်ချက်အရ ပြည်ထောင်စုလွှတ်တော်တွင် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ ဖွဲ့စည်းခွင့်မရှိသဖြင့် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူလဥပဒေတို့၏ ရည်ရွယ်ချက်မှာ လွှတ်တော်ကျင်းပနေစဉ် ကာလ၌သာ ရှင်းလင်းပြောဆို ဆွေးနွေးရန် ဖြစ်သဖြင့်လည်းကောင်း၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့ကို အစားထိုးရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၁။	၁၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။	ဥပဒေကြမ်း၏ပုဒ်မ ၁၆ သည် မူလဥပဒေ၏ ပုဒ်မ ၃၃ ကို ပယ်ဖျက်ခြင်းဖြစ်ပါသည်။ ပုဒ်မ ၃၃ သည် လွှတ်တော် ပူးပေါင်းကော်မတီများတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သည့် ပူးပေါင်းကော်မတီဝင် အရေအတွက်နှင့် ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်ရမည့် ပုဂ္ဂိုလ်တို့အား သတ်မှတ်နိုင်ရေးပြဋ္ဌာန်းထားရာ ပြည်ထောင်စုလွှတ်တော်သည် ပူးပေါင်းကော်မတီများဖွဲ့စည်းခွင့်မရှိသောကြောင့် မူလဥပဒေ၏ပုဒ်မ ၃၃ အား ပယ်ဖျက်ရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၂။	၁၉။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၃ ကို အောက်ပါအတိုင်း အစားထိုးရမည်- "၈၃(က) လွှတ်တော်၏ရုံးလုပ်ငန်းနှင့်အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။ (ခ) လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သော ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရုံးဝန်ထမ်းများခန့်အပ်တာဝန်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ (ဂ) ပြည်ထောင်စုလွှတ်တော်ရုံးလွှတ်တော်၏ ရုံးလုပ်ငန်းနှင့်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် လွှတ်တော်သို့ တင်ပြရမည်။"	ဥပဒေကြမ်း၏ပုဒ်မ ၁၉ သည် မူလဥပဒေပုဒ်မ ၈၃ ကို အစားထိုးထားရာ အထက်စာပိုဒ် ၂၊ စာပိုဒ်ခွဲ(က)ပါ ရှင်းလင်းချက်များအရ ပြည်ထောင်စုလွှတ်တော်ရုံးအဖြစ်ဖွဲ့စည်း၍ ဝန်ထမ်းများခန့်အပ်ခြင်း၊ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် မူလဥပဒေပုဒ်မ ၈၃ အား အစားထိုး ပြင်ဆင်ရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၃။	၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈၃ ၏နောက်တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မ ၈၃-က အဖြစ် ဖြည့်စွက်ရမည်- ၈၃-က။ နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် နယ်မြေဒေသဖွံ့ဖြိုးရေးရန်ပုံငွေကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ သုံးစွဲခွင့်ရှိသည်။	ဥပဒေကြမ်း၏ပုဒ်မ ၂၀ သည် မူလဥပဒေပုဒ်မ ၈၃၏နောက်တွင် ပုဒ်မ ၈၃-ကဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့သည် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေကို သုံးစွဲခွင့်ရှိကြောင်းဖော်ပြထားခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၃၀ တို့ပါပြဋ္ဌာန်းချက်များအရ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် အုပ်ချုပ်ရေးအဖွဲ့က ဆောင်ရွက်မည့်ကိစ္စသာဖြစ်ပါသည်။ ဥပဒေပြုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များက ဝင်ရောက်ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့် ညီညွတ်မှုမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ တိုင်းရင်းသားရေးရာဝန်ကြီးများကလည်း ထိုငွေကိုသုံးစွဲလိုကြမည်ဖြစ်ပါသည်၊ ထို့ပြင် နိုင်ငံရေးပါတီ အများအပြားရှိသော ထိုဒေသတွင် လက်ရှိရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်က နိုင်ငံ့ဘဏ္ဍာငွေကိုသုံး၍ မဲဆွယ်စည်းရုံးနိုင်သည့်သဘော သက်ရောက်နေရာ မညီမျှခြင်း၊ ခွဲခြားခြင်းနှင့် စိတ်ဝမ်းကွဲပြားခြင်းတို့ ဖြစ်ပေါ်စေပါမည်။ ထို့ကြောင့် ပုဒ်မ ၈၃-က အား ဖြည့်စွက်ရန်မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၄။	၂၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ နောက်တွင် အောက်ပါပုဒ်မများကို ပုဒ်မ ၈၄-က၊ ၈၄-ခ နှင့် ၈၄-ဂ အဖြစ် ဖြည့်စွက်ရမည်- ၈၄-က။ လွှတ်တော်၏ ဆောင်ရွက်ချက်နှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။ ၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။	ဥပဒေကြမ်း၏ ပုဒ်မ ၂၁ တွင် ဖြည့်စွက်ထားသည့်ပုဒ်မ ၈၄-ခ ၌ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်ကြောင်း ဖော်ပြထားရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်း၍ သီးခြားလွတ်လပ်စွာ ဥပဒေပြုရန် အာဏာ ခွဲဝေအပ်နှင်းထားသော အဖွဲ့အစည်းများဖြစ်ပါသည်။ ထိုသို့ ဥပဒေပြုခွင့် အာဏာခွဲဝေမှုကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ နှင့် ပုဒ်မ ၁၈၈ တို့တွင် နောက်ဆက်တွဲဇယား အသီးသီးဖြင့် တိကျစွာဖော်ပြထားပါသည်။ ထို့ကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၈၄-ခသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သဖြင့် ဖြည့်စွက်ပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
	၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ ပြည်တွင်းပြည်ပ လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။	ဥပဒေကြမ်း၏ ပုဒ်မ ၂၁ တွင် ဖြည့်စွက်ထားသည့် ပုဒ်မ ၈၄-ဂ၌ လွှတ်တော်သည် အပြည်ပြည်ဆိုင်ရာလွှတ်တော်များနှင့် ဆက်သွယ်၍ လွှတ်တော်ရေးရာကိစ္စများ ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ဖော်ပြချက်သည် သင့်လျော်ပါသည်။ သို့ရာတွင် ဥပဒေပြုလွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)ဖြင့် ပြဋ္ဌာန်း၍ သီးခြားလွတ်လပ်စွာ ဥပဒေပြုနိုင်ရန် အာဏာခွဲဝေအပ်နှင်းထားခြင်းဖြစ်ပြီး ထိုသို့အာဏာခွဲဝေမှုကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ နှင့် ပုဒ်မ ၁၈၈ တို့တွင် နောက်ဆက်တွဲဇယားအသီးသီးဖြင့် တိကျစွာ ဖော်ပြထားပြီးဖြစ်သောကြောင့် ပြည်ထောင်စုလွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိပါ။ ထို့ကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၂၁ ပါ ပုဒ်မ ၈၄ - ဂ အား လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ဖော်ပြသင့်ပါသည်။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။
၁၅	၂၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေတွင်- (က) ဇယား ၁၊ အပိုဒ် ၇ ၏ နောက်တွင် အောက်ပါ အပိုဒ်များကို အပိုဒ် ၈၊ ၉၊ ၁၀၊ ၁၁ အဖြစ် ဖြည့်စွက်ရမည်- "၈။ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် သဘောတူညီချက်များ၊ ဒေသဆိုင်ရာ စာချုပ်များနှင့် သဘောတူညီချက်များ ဆိုင်ရာကိစ္စ၊ ၉။ အခွန် အကောက်များနှင့် သက်ဆိုင်သည့်ကိစ္စ၊ ၁၀။ သဘာဝစွမ်းအင်များ၊ သယံဇာတ ပစ္စည်းများ ထုတ်ဖော်မှုနှင့် သက်ဆိုင်သည့်ကိစ္စ၊ ၁၁။ လျှပ်စစ်ဓာတ်အား စီမံကိန်းကြီးများ ကိစ္စ။" (ခ) ဇယား ၂၊ အပိုဒ် ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်။ "၃။ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်းသည့် ကိစ္စ၊" (ဂ) ဇယား ၂၊ အပိုဒ် ၁၃ နှင့် ၂၇ တို့ကို ပယ်ဖျက်ရမည်။	ဥပဒေကြမ်း၏ ပုဒ်မ ၂၃ သည် မူလဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ)၏ နောက်ဆက်တွဲဇယားဖြင့် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်အဖြစ် လွှဲအပ်ထားသောကိစ္စရပ် ၃၀ ခုအနက် ၄ခုကို ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက် ရယူပြီးမှ ဆောင်ရွက်နိုင်သည့် မူလဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(က)၏ နောက်ဆက်တွဲဇယားသို့ ရွှေ့ပြောင်းလိုခြင်းဖြစ်ပါသည်။ အဆိုပါကိစ္စရပ် ၄ ခု သည် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများက စတင်စီမံခန့်ခွဲဆောင်ရွက်ရမည့် ကိစ္စများနှင့် နိုင်ငံတကာ ဆက်သွယ်ရေးကိစ္စများတွင် နိုင်ငံတော်သမ္မတက ဆောလျင်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။ မူလဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(ခ)သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(ခ)ပါပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်ထားခြင်း ဖြစ်သကဲ့သို့ မူလဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ (က)သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ အာဏာအပ်နှင်းထားခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၀၈ နှင့် ပုဒ်မ ၂၀၉ တို့တွင် ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့်နှင့် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်တို့ကို ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်စဉ်ကာလက ဥပဒေပြုရခြင်း၏ ကျိုးကြောင်းဖော်ပြချက်များနှင့် ဆွေးနွေးချက်မှတ်တမ်းများကို လေ့လာရန် လိုအပ်ပါသည်။ ဥပဒေပြုလွှတ်တော်များနှင့် အုပ်ချုပ်ရေးအဖွဲ့တို့ ပိုင်းခြားဆောင်ရွက်ရမည့် ကိစ္စရပ်များကို ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တိကျစွာ ခွဲဝေထားခြင်းဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တံခါးဖွင့်စီးပွားရေးဝါဒနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးလျက်ရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် သီးခြားဥပဒေများပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများ မြန်ဆန်စိတ်ချစွာဖြင့် လုပ်ဆောင်ရနိုင်ရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အဆင့်များ ပိုမိုလာခြင်းကြောင့် ကြန့်ကြာနိုင်သဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ပြင်ဆင်ပြောင်းလဲခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သဖြင့် ဥပဒေကြမ်း၏ ပုဒ်မ ၃ အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းရန် မသင့်ပါ။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက် အတည်ပြုသည်။

၃။ ထိုသို့ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းပါ ဖော်ပြချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်၊ အဓိကကျသည့် ဒီမိုကရေစီကျင့်စဉ်များဖြစ်သော ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုရေးဟူသော အချက်များနှင့် ညီညွတ်ရန် စသည့်လိုအပ်ချက်များ ရှိနေခြင်းကြောင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုနိုင်သည်ကို သိရှိနိုင်ရန် ၂၂-၁-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံ စာပေးပို့ခဲ့ရာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယကက ၁၅-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁/ပထ (စည်းဝေး) ၉/၂၀၁၃-၉၅ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၂) နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ၂၂-၁၁-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၀၇(၂)/၈/သမ္မတရုံးဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယကက ၁၇-၁-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ (စည်းဝေး) ၉/၂၀၁၄-၃ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

*၁။ **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့် စပ်လျဉ်း၍ ရည်ညွှန်း(၁) ပါသဝဏ်လွှာဖြင့် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ပေးပို့လာရာ ရည်ညွှန်း(၂)ပါ သဝဏ်လွှာဖြင့် အချက် (၁၆) ချက် သဘောထားမှတ်ချက်ပြု၍ ပြန်ကြားခဲ့ပါသည်။*

၂။ ဥပဒေကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် မညီညွတ်သော အချက်(၁၄)ချက်၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ရန်လိုအပ်သော အချက်(၁)ချက်နှင့် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်ရန်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရန် ပြင်ဆင်သင့်သည့် အချက်(၁)ချက်တို့ကို သဘောထားမှတ်ချက်ဖော်ပြ၍ ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အချက်(၂)ချက်ကိုသာ ပြင်ဆင်ပေးရန် လက်ခံခဲ့ပြီး ကျန်(၁၄)ချက်ကို မူလအတိုင်းပင် အတည်ပြုထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေအနှစ်သာရ (Spirit of Law)သည် မဏ္ဍိုင်ကြီးသုံးရပ်တို့ တတ်နိုင်သမျှအာဏာပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းဖြစ်ပါသည်။ မဏ္ဍိုင်ကြီး အသီးသီးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော အခွင့်အာဏာဖြင့် ပင်မတာဝန်များအား ဖော်ဆောင်ရမည်ကို အလေးဂရုပြုသင့်ပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

☆ **ကျောဖုံးမှ**

စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းပြီး ပြည်သူအားလုံးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဤသို့ရည်မှန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ လိုအပ်ချက်ကြီးမားကြောင်း၊ သို့ဖြစ်ရာ ဤစားပွဲဝိုင်းဆွေးနွေးပွဲသည် အချိန်ကိုက်ဖြစ်ကြောင်း ပဏာမပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေး ပြည့်ဝသော အခြေခံအဆောက်အအုံများဖြစ်ထွန်းရေးနှင့် အရည်အသွေးပြည့်ဝသော အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ဆောင်မှုများပေါ်ပေါက်ရေးဦးတည်၍ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံတွင် ပွင့်လင်းမြင်သာသည့် နိုင်ငံတကာ တင်ဒါယှဉ်ပြိုင်မှုအလေ့အထများ တိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် Public Private Partnership(PPP) ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကိုလိုက်၍ PPP ပုံစံအမျိုးမျိုးဖြစ်နိုင်ကြောင်း၊ လက်ရှိအနေအထားတွင် အခြေခံအဆောက်အအုံစီမံကိန်းအမျိုးမျိုးကို ဘီအိုတီစနစ်ဖြင့် အကောင်အထည် ဖော်လျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသည့် အခြေခံအဆောက်အအုံများအား PPP ပုံစံအမျိုးမျိုးဖြင့် ဖော်ဆောင်ရာတွင် လိုအပ်သည့် စည်းမျဉ်းစည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ မူဘောင်များပေါ်ပေါက်ရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များအနေဖြင့် ယင်းကဏ္ဍတွင် ပါဝင်အကူအညီပေးစေလိုကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ကဏ္ဍအလိုက်၊ အဆင့်အလိုက် စိန်ခေါ်မှုများရှိနိုင်ကြောင်း၊ သို့ရာတွင် ယင်းစိန်ခေါ်မှုများကို ခိုင်မာသည့် နိုင်ငံရေးဆန္ဒဖြင့် ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရာ၌ ကဏ္ဍများစွာတွင် တိုးတက်မှုရရှိအောင် ကြိုးစားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ၇ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ခန့်မှန်းထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍများစွာတွင် ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အသိအမှတ်ပြုမှုကဲ့သို့သော အသိအမှတ်ပြုမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ဤစားပွဲဝိုင်းဆွေးနွေးပွဲ၏ ရလဒ်များကို စီမံချက်များ၊ အချိန်ဇယားသတ်မှတ်ချက်များဖြင့် ရေးဆွဲဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်နှင့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပွင့်လင်းမြင်သာပြီး အရှည်တည်တံ့မည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ ငွေကြေးနှင့် နည်းပညာအကူအညီပေးမှုများ၊ ပြည်သူအခြေပြုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မဟာဓာတ်အားလိုင်းပြင်ပလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းများတွင် အကူအညီပေးမှုများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဤစားပွဲဝိုင်းဆွေးနွေးပွဲအတွက် ကမ္ဘာ့ဘဏ်အား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

စားပွဲဝိုင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက်မှုနှင့်ပတ်သက်၍ သဘောထားအမြင်များ၊ ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ကာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စွမ်းအင်၊ ဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ဆဲလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဝိုင်းဝန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❖ **စာမျက်နှာ ၉ မှ**

၃။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်လျှင် ပျက်ပြယ်ကြောင်းကိုလည်းကောင်း ပြဋ္ဌာန်းထားသဖြင့် ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်အပေါ် မှန်ကန်စွာသိရှိနားလည်လက်ခံကျင့်သုံးနိုင်စေရန် အထူးဂရုပြုသင့်ပါသည်။

၄။ သို့ပါ၍ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး၊ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ပေးပို့လာသော ***ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း****သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် ဖော်ပြချက်များ များပြားခြင်းကြောင့် လက်မှတ်ရေးထိုးခြင်းမပြုသည်ကိုသိရှိနိုင်ပါရန် ပြန်ကြားပါသည်။"*

၄။ ပြည်ထောင်စုလွှတ်တော်သည်**ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ (၂၅-၁-၂၀၁၄) ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအပြည့်အစုံကို (၂၆-၁-၂၀၁၄) ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

၅။ ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ တွင် ပြဋ္ဌာန်းထားရာ ကျင့်သုံးမည့် အများပြည်သူတို့အဖို့ မှန်ကန်ရှင်းလင်းစွာနားလည်ရန် အထူးလိုအပ်ကြောင်း သိရှိရသည်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန် လိုအပ်ချက်များရှိခြင်းကြောင့် နိုင်ငံတော်သမ္မတက လက်မှတ်မရေးထိုးခဲ့သော ဥပဒေ (၄) ခုမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရသည်-

(က) ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ
(၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၂၃ ဖြင့် ၂၆-၁၁-၂၀၁၂ ရက်တွင် ပြဋ္ဌာန်းသည်။)

(ခ) ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ
(၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် -၂၄ ဖြင့် ၂၆-၁၁-၂၀၁၂ ရက်တွင် ပြဋ္ဌာန်းသည်။)

(ဂ) ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ
(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၂ ဖြင့် ၆-၈-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းသည်။)

(ဃ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၂ ဖြင့် ၂၅-၁-၂၀၁၄ ရက်တွင် ပြဋ္ဌာန်းသည်။)

၆။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်က ပေးပို့လာသော ဥပဒေကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ရန် လိုအပ်သောဖော်ပြချက်များပါရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်အများစု၏သဘောဆန္ဒကို အလေးဂရုပြုသောအားဖြင့် သဘောထားမှတ်ချက်ပြု၍ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ပြဋ္ဌာန်းခဲ့သော ဥပဒေ(၄)ခုမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃ ဖြင့် ၂၁-၁-၂၀၁၃ ရက်တွင်ပြဋ္ဌာန်းသည်။)

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကိုပြင်ဆင်သည့် ဥပဒေ
(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ၄ ဖြင့် ၂၁-၁-၂၀၁၃ ရက်တွင်ပြဋ္ဌာန်းသည်။)

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၃ ဖြင့် ၇-၈-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းသည်။)

(ဃ) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ
(၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၃၂ ဖြင့် ၈-၁၀-၂၀၁၃ ရက်တွင် ပြဋ္ဌာန်းသည်။)

၇။ ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ဟုနားလည်သိရှိသည့် ပြဋ္ဌာန်းချက်ပါရှိကြောင်း သံသယရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ တွင် ပြဋ္ဌာန်းအပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ စိစစ်ခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ နိုင်ငံတော်သမ္မတအနေဖြင့် အထက်ဖော်ပြပါ ဥပဒေ(၈)ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ ရှင်းလင်းစွာ သိရှိရန် ပုဒ်မ ၃၂၅ ပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာတင်သွင်း၍ မှန်ကန်သောအဆုံးအဖြတ်ကိုရယူရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၈။ **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**ကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတ၏အရေးယူဆောင်ရွက်ခဲ့မှုများနှင့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်လိုအပ်ကြောင်း သုံးသပ်ထားသည့်ပြဋ္ဌာန်းပြီး ဥပဒေ(၈)ခုအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဥပဒေနှင့်အညီ တင်သွင်းလွှာတင်သွင်း၍ အဆုံးအဖြတ်ရယူရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့် ကမ္ဘာ့ပညာရေးဆွေးနွေးပွဲ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၆

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသော ပညာရေးဝန်ကြီးများအတွက် ကမ္ဘာ့ပညာရေးဆွေးနွေးပွဲ (Education World Forum 2014) သို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၁၀၁ နိုင်ငံမှ ပညာရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကာ ပညာရေးနှင့် စီးပွားရေးကို ပေါင်းကူးဆက်သွယ်ပေးရေး၊ လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးကို အထောက်အကူပြုမည့် အတတ်ပညာများ သင်ကြားပေးရေး၊ လူတိုင်းစာတတ်မြောက်ရေး၊ ပညာအရည်အသွေး စစ်ဆေးအကဲဖြတ်ရေး၊ နည်းပညာအကူအညီဖြင့် သင်ကြားမှုမြှင့်တင်ရေး၊ ပညာရေးမြှင့်တင်မှုအတွက် ရာစုနှစ်လုပ်ငန်းစဉ်များ သတ်မှတ်ရေး ဆွေးနွေးခဲ့ပြီး တွေ့ကြုံရသော စိန်ခေါ်မှုများ ကျော်လွှားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်တွင် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် လန်ဒန်မြို့ရှိ House of Parliament ၌ ဗြိတိန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီး Rt Hon Alan Duncan MP နှင့် တွေ့ဆုံရာတွင် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားရာ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီးက အခြေခံပညာရေးတွင် အကူအညီများ တိုးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုအောင်မြင်ရေးအတွက် အကူအညီများကို ရှေ့ငါးနှစ်စီမံကိန်းရေးဆွဲရာတွင် ညှိနှိုင်းထည့်သွင်းသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ခေတ္တပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် House of Lords ၌ အထက်လွှတ်တော်ပါလီမန်အမတ် Lord Alton နှင့်တွေ့ဆုံ၍ ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ အထက်လွှတ်တော်ပါလီမန်အမတ်က မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက် ထောက်ခံအားပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် လန်ဒန်ရှိ British Council ဥက္ကဋ္ဌ Sir Vernon Ellis နှင့် ဗြိတိသျှကောင်စီရုံးချုပ်၌ တွေ့ဆုံဆွေးနွေးရာ ၂၀၁၄ ခုနှစ်တွင် ပညာရေးကောလိပ်များအား အကူအညီများထောက်ပံ့ရေး၊ အင်္ဂလိပ်ဘာသာ Native Speaker ဆရာများနှင့် သင်တန်းပို့ချရေး၊ ဗြိတိသျှကောင်စီနှင့် ပညာရေးဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာကို မတ်လခန့်တွင် လက်မှတ်ရေးထိုးသွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

လန်ဒန်မြို့တွင်ရှိစဉ် မြန်မာကိုယ်စားလှယ်အဖွဲ့သည် University of Oxford,University of Nottingham, University of London, University of Manchester တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံကာ မြန်မာနိုင်ငံတွင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး ဗြိတိန်နိုင်ငံတက္ကသိုလ်များ၏ စီမံအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံများနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

University of Oxford အနေဖြင့် မတ်လတွင် ရန်ကုန်တက္ကသိုလ်မှ သင်တန်းသား ၁၅ ဦးကို Oxford တက္ကသိုလ်တွင် သင်ရိုးညွှန်းတမ်းရေးဆွဲနည်းပို့ချရေး၊ သုတေသနလေ့ကျင့်ရေးနှင့် ကျောင်းသား ကျောင်းသူ အထောက်အကူပြုရေးဆိုင်ရာ သုံးပတ်သင်တန်းခေါ်ယူပို့ချပေးရေး၊ The Faculty of Law မှ ဥပဒေပညာရပ် စာအုပ်ပေါင်း ၆၀၀၀ ကို ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန စာကြည့်တိုက်သို့ လှူဒါန်းပြီး ဥပဒေပညာရပ်ဆိုင်ရာ စာကြည့်တိုက်မှူးတစ်ဦးကိုလည်း သုတေသနပူးပေါင်းဆောင်ရွက်သွားရေးနှင့် ဓာတုဗေဒဌာနတွင် ဆေးဝါးဆိုင်ရာဓာတုဗေဒပညာရပ်ပို့ချပေးရေး၊ Oxford တက္ကသိုလ်မှ အင်္ဂလိပ်ဘာသာစကားဆရာတစ်ဦးနှင့် Oxford တက္ကသိုလ်ကျောင်းသား ငါးဦးတို့ ရန်ကုန်တက္ကသိုလ် အဆောင်ကျောင်းသားများနှင့်အတူနေထိုင်ကာ အင်္ဂလိပ်ဘာသာစကားလေ့ကျင့်သင်ကြားပေးရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

University of London က ရန်ကုန်အဝေးသင်တက္ကသိုလ်ကို Open University သို့အဆင့်မြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံအဝေးသင်တက္ကသိုလ်များမှ ထုတ်လွှင့်မည့် ရုပ်သံလိုင်းအသစ်အတွက် ဥပဒေပညာရပ်အပါအဝင် သင်ခန်းစာများကို University of London က ပံ့ပိုးရေး ညှိနှိုင်းခဲ့သည်။

University of Manchester နှင့် ရန်ကုန်တက္ကသိုလ်တို့ မိတ်ဖက်တက္ကသိုလ်များ တည်ထောင်ရေးကိစ္စရပ်များကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ICT နှင့် ပညာရေးဆိုင်ရာ BETT Exhibition ပြပွဲကို ကြည့်ရှုလေ့လာခဲ့ပြီး Microsoft နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်းကျင်းပသော Microsoft in Education Leaders Briefing ကို တက်ရောက်ကာ ခေတ္တပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံပညာရေးဖြစ်ပေါ်တိုးတက်ရေးဆောင်ရွက်နေမှုများနှင့် သင်ကြား၊ သင်ယူမှုတွင် ICT အသုံးပြုရေးအကြောင်းအရာအပေါ် Presentation ပြုလုပ်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် Microsoft ၏ Director of Partners in Learning ဖြစ်သူ Mr.James Bernard နှင့်တာဝန်ရှိသူများအား တွေ့ဆုံကာ Microsoft နည်းပညာအသုံးပြုသင်ကြားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် အဖွဲ့ဝင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့်အတူ ဇန်နဝါရီ ၂၄ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ **(သတင်းစဉ်)**

○ **ဩစတြေးလျမှ**

ယခုယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၄ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဂျိုကိုဗစ်၊ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး၊ တင်းနစ် အကျော်အမော် ရော်ဂျာဖက်ဒဲယားတို့သည် ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့သည့်အပြင် ကမ္ဘာ့အဆင့် (၁)၌ ရပ်တည်ခဲ့သည့် ရာဖေးလ်နာဒယ်ပင် နောက်ဆုံးဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ရပြီး ဗိုလ်လုပွဲစဉ်တွင် ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဝေါရင်ကာက ရာဖေးလ်နာဒယ်အား ၆-၃၊ ၆-၂၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဩစတြေးလျ တင်းနစ်ချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိခဲ့သည်။

NRC ရုပ်သံလိုင်းထုတ်လွှင့်မှုအချိန် ပြောင်းလဲထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်း ထုတ်လွှင့်မှုကို အောက်တိုဘာ ၁၅ ရက်မှ စတင်ပြီး နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီခွဲ အထိနှင့် ဒုတိယအကြိမ် မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ စတင်ပြီးကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ' ဘာသာအလိုက် ထုတ်လွှင့်လျက်ရှိသည်။

NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို လေးလတစ်ကြိမ် ဘာသာအလိုက် လှည့်ကာ အချိန်ပြောင်းထုတ်လွှင့်တော့မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ ပထမအကြိမ်အဖြစ် စတင်အချိန်ပြောင်းထုတ်လွှင့်မည်ဖြစ်ရာ နံနက် ၆ နာရီမှ ၇ နာရီအထိ ကယားဘာသာအစီအစဉ်၊ ၇ နာရီမှ ၇ နာရီခွဲအထိ စကောကရင်အစီအစဉ်၊ ၇ နာရီခွဲမှ ၈ နာရီအထိ အနောက်ပိုးကရင်အစီအစဉ်၊ နံနက် ၈ နာရီမှ ၈ နာရီခွဲအထိ အရှေ့ပိုးကရင်အစီအစဉ်၊ ၈ နာရီခွဲမှ ၉ နာရီအထိ ချင်း(လိုင်ဇိုး) အစီအစဉ်၊ ၉ နာရီမှ ၉ နာရီခွဲအထိ ချင်း(ချိုး) အစီအစဉ်၊ ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ မွန်အစီအစဉ်၊ ၁၀ နာရီခွဲမှ ၁၁ နာရီခွဲအထိ ရခိုင်အစီအစဉ်၊ ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရှမ်းအစီအစဉ်၊ ၁၂ နာရီခွဲမှ မွန်းလွဲ ၁ နာရီခွဲအထိ 'ဝ' အစီအစဉ်၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ ကချင်အစီအစဉ် စသည်ဖြင့် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရပ်ရွာအခြေပြု ကလေးငယ်ကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေး

သထုံ ဇန်နဝါရီ ၂၆

မွန်ပြည်နယ် သထုံမြို့နယ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (TCRC) နှင့်ရပ်ရွာအခြေပြုပံ့ပိုးကူညီမှုအဖွဲ့ (CSG) အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြို့နယ် TCRC အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က အနာဂတ်တွင် လူတော်လူကောင်းများ ပေါ်ထွန်းလာရေးအတွက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း၊ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် TCRC အဖွဲ့ဝင်များအနေဖြင့် စွမ်းအားရှိသရွေ့ ကြိုးပမ်းကြစေလိုကြောင်း ရှင်းလင်းပြောကြားပြီး UNICEF မှ မွန်/ကရင် တာဝန်ခံ ဒေါ်မေဇံကျော်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် TCRC စီမံချက်ကျေးရွာ ၁၀ ရွာမှ CSG အဖွဲ့ဝင်များက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ ဖြေရှင်းနိုင်ခဲ့မှု၊ အခက်အခဲ၊ အောင်မြင်မှုနှင့်အကြံပြုချက်များကို ဆွေးနွေးပြောကြားရာ တာဝန်ရှိသူတို့က မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

သက်ဦး(သထုံ)

ကုသိုလ်ဖြစ်ဆေးဝါး ကုသစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းတို့၏ အခမဲ့ကုသိုလ်ဖြစ်ဆေးဝါးကုသစောင့်ရှောက်မှု အခမ်းအနားကိုဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် အလယ်တောရကျောင်းတိုက်၌ကျင်းပရာ ကျောင်းတိုက်ကြီးအတွင်းရှိ ရဟန်းသံဃာတော်အပါး ၁၂၀ နှင့် သီလရှင်အပါး ၂၄၀ တို့အား ဒေါက်တာ ဒေါ်ယုဇနစောမြင့်နှင့် ဒေါက်တာ ဒေါ်ခင်သန်းနွဲ့တို့ ဦးဆောင်သော ဆေးဝါးကုသစောင့်ရှောက်ရေးအဖွဲ့က ဆေးကုသပေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်းကို ပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း အပတ်စဉ်(ကြာသပတေး) နေ့တိုင်း ကုသိုလ်ဖြစ်ဆေးဝါးကုသလှူဒါန်းလျက်ရှိကြောင်း သိရသည်။

(သန္တာမေ)

သွေးသည် အသက်

ကမ္ဘာ့ရွှေဈေးအပြောင်းအလဲကြောင့် မြန်မာရွှေဈေးအတက်ဘက်သို့ ဦးတည်နေ

ရန်ကုန် ဇန်နဝါရီ ၂၆

ယခုရက်ပိုင်းအတွင်း ကမ္ဘာ့ရွှေဈေးကွက်တွင် ဈေးနှုန်းများအပြောင်းအလဲဖြစ်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးကွက်တွင်လည်း အတက်ဘက်သို့ ဦးတည်နေကြောင်း ရန်ကုန်ရွှေဈေးကွက်အတွင်းမှ သိရသည်။

ဇန်နဝါရီ ၂၀ ရက်က တစ်အောင်စလျှင် ၁၂၅၄ ဒေါ်လာသာရှိနေသော ကမ္ဘာ့ရွှေဈေးသည် ဇန်နဝါရီ ၂၂ ရက်တွင် ၁၂၄၂ ဒေါ်လာသို့ ကျဆင်းသွားပြီး ဇန်နဝါရီ ၂၃ ရက်မှစ၍ ၁၂၃၄ ဒေါ်လာသို့ ရောက်ရှိရာမှ ဇန်နဝါရီ ၂၄ ရက်တွင် ၁၂၅၉ ဒေါ်လာအထိ မြင့်တက်လာကာ ဇန်နဝါရီ ၂၅ ရက်တွင် ၁၂၆၉ ဒေါ်လာအထိ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေးအပြောင်းအလဲပေါ်မူတည်ပြီးတော့ မြန်မာ့ရွှေဈေးက လိုက်တက်နေတာဖြစ်ပါတယ်၊ နိုင်ငံတကာရွှေဈေးကွက်မှာ ဝယ်လိုအားကောင်းလာတာနဲ့အမျှ ဈေးတက်လာတယ်၊ လာမယ့်ကာလ ရွှေဈေးကွက်အခြေအနေကတော့ ကမ္ဘာ့ရွှေဈေးအတက်အကျအပြောင်းအလဲကိုပဲ စောင့်ကြည့်ရမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က ရှင်းပြသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၀ ရက်က အကယ်ဒမီအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၆၁၂၀၀ သာရှိခဲ့ရာမှ ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ဇန်နဝါရီ ၂၅ ရက် ညနေတွင် အကယ်ဒမီအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၆၄၅၀၀ အထိ မြင့်တက်သွားကြောင်းသိရသည်။

ပြည်တွင်းရွှေဈေးကွက် မြင့်မားလာသော်လည်း အရောင်းအဝယ်မှာ ပုံမှန်အနေအထားရှိနေကြောင်း တိတ်ရှိန်ရွှေဆိုင်ပိုင်ရှင် ဦးမိုးအောင်က ရှင်းပြသည်။ "အခု အရောင်းအဝယ်က ပုံမှန်ပဲ၊ အကောင်းဘက်ကိုတော့ သိပ်မရောက်သေးဘူး၊ သင်္ကြန်နားနီးရင် အရောင်းအဝယ်ပိုကောင်းလာမယ်လို့တော့ မျှော်မှန်းထားတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

လာမည့်ကာလရွှေဈေးကွက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းအပြောင်းအလဲဖြစ်တည်မှုအပေါ် ပြည်တွင်းရွှေလောကမှ စိတ်ဝင်တစားလေ့လာစောင့်ကြည့်နေကြကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးကဏ္ဍတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံသည် လူဦးရေတိုးတက်လာသည်နှင့်အမျှ စားသုံးမှုပမာဏ မြင့်မားလာသည်။ သားငါးထုတ်လုပ်မှုကဏ္ဍများမှာလည်း လူဦးရေတိုးတက်လာသည်နှင့်အမျှ ထုတ်လုပ်မှုပမာဏမှာ ကျန်းမာသည့် သားငါးထုတ်လုပ်မှု လိုအပ်လာသည်ဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၎င်းတို့၏ကဏ္ဍမှနေ၍ စားသုံးသူပြည်သူများအနေဖြင့် ရောဂါကင်းသည့် သားငါးများစားသုံးနိုင်ရန်အတွက် အစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၁၄ ရက်က အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရင်ရှိန်နှင့် သုတေသနမှူး ဦးခင်ဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာ၊ ရေတလပေါင်ကျေးရွာများသို့ သွားရောက်၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းများတွင် ရောဂါကင်းသည့်ငါးများ စနစ်တကျမွေးမြူကြရန် မွေးမြူရေးလုပ်ကိုင်ကြသည့် အင်းသားကြီးများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြင့်ဦး-အင်းစိန်)





WIN YE KYAW SERVICES CO., LTD

DMA အသိအမှတ်ပြု OOW-CoC Class III သင်တန်း

ဒေါက်တာစိုးဝင်း[ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)]နှင့် နိုင်ငံခြားရေကြောင်းကောလိပ်တွင် သင်ကြားပေးခဲ့သည့် ဆရာများက ဦးစီးသော ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည့် ပထမအသုတ် သင်တန်းအတွက် ကျောင်းသားများ စတင်လက်ခံနေပါပြီ။ သင်တန်းသားများအတွက် လိုအပ်သော Management, Security, Safety သင်တန်းများကိုလည်း အခမဲ့သင်ကြားပို့ချပေးမည်။ သင့်အရည်အချင်းဖြင့် အလုပ်အကိုင်နှင့်အခွင့်အလမ်းအတွက် အာမခံသည်။

သင်တန်းကြေး - ၃၂သိန်း

သင်တန်းသားဦးရေ (၃၀) ကန့်သတ်ထားပါသဖြင့် စာရင်းအမြန်သွင်းကြပါရန်။

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန်

တိုက်(၁၁)၊ မြေညီထပ်၊ အေးရိပ်မွန်(၈)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၆၆၂၃၉၈၊ ၀၁-၆၆၇၂၆၉၊ ၀၉-၇၃၁၇၇၂၀၆

ငှားရန်ရှိ

နေပြည်တော်၊ ဒက္ခိဏသီရိမြို့သစ်၊ 'E'လမ်းဆုံအနီး၊ တစ်ထပ်၊ လုံးချင်း ပေ(၈၀×၈၀)၊ အဆင့်မြင့်ပြင်ဆင်ပြီး

ဖုန်း-၀၉-၅၀၁၈၃၉၀၊ ၀၉-၃၁၆၆၆၀၁၈

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးနေထက်လင်း(အဖ) ဦးစိုးသီဟ[၉/အမစ(နိုင်)၀၃၂၄၄၀]၏ Passport No.M-၁၁၉၉၁၇]သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအမြန်ဆုံး အကြောင်းကြားပါရန်။ ဖုန်း-၀၉-၂၀၄၂၂၁၂

ရောင်း/ငှားမည်

(ဇလပ်ပွင့် ၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈)

- ရွှေနှင်းဆီလမ်း၊ (၈မိုင်) 13529 Sqft ဂရန် 1sqft 1.3L
- ရန်ကုန်-အင်းစိန်လမ်းအနီး(သမိုင်း) ပေ(၄၅×၁၃၀)၊ မြေပိုင် 5000L
- တ/ဥက္ကလာပ၊ သစ္စာလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ Lကွက်၊ ပေ(၄၀×၆၀)၊ ပေ(၂၀×၆၀) 2000, 800L
- တက္ကသိုလ်ရိပ်မွန်အိမ်ရာ(အရှေ့ဒဂုံ) ပေ(၈၀×၈၀)၊ ပေ(၆၀×၈၀) 1580,1310L
- အရှေ့ကြို့ကုန်း(အင်းစိန်) ပေ(၄၀×၆၀) မြေ Lကွက် 1000L
- ရန်ကုန်-အင်းစိန်လမ်းအနီး(ကြို့ကုန်း)ပေ (၅၅×၆၀)၊ 1RC၊ ဂရန် 2700L
- အောင်မင်္ဂလာလမ်း(၇မိုင်)၊ ပေ(၁၃×၃၅)၊ 2BN , 310L
- ရွှေကမ္ဘာအိမ်ရာ(လမ်းမမေးတင်)၊ 1500 Sqft, ပထပ်၊ Lift ပါ 11 L
- အင်းစိန်ပန်းခြံအနီး(လမ်းမပေါ်)၊ ပေ(၁၁၀×၆၀)၊ 1RC Hall မြေအဓိက 30L
- အင်းယားမြိုင်လမ်း၊ ပေ(၇၀×၉၀) 2RC, Fully Fur 50L
- မ/ဒဂုံ၊ ရွှေပင်လုံရိပ်မွန် ပေ(၈၀×၅၀) 2RC ပြင်ဆင်ပြီး တိုက်သစ် 15L
- တက္ကသိုလ်ရိပ်သာလမ်း 1500 Sqft 2F ပြင်ဆင်ပြီး 15L
- သမိုင်း၊ ဘူတာရုံလမ်းမ ပေ(၂၅×၅၀) 6RC တိုက်သစ် 25L

ပြည်တွင်းရေးရာ

Forever Group မှ Readers Channel အခမဲ့ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းနှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပထမအကြိမ် ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ်အကောင်းဆုံးထုတ်ဝေသူဆု၊ အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုပေးပွဲအခမ်းအနား၊စာပေဖြင့်ဘဝကို အောင်မြင်တိုးတက်သူတို့၏ ဟောပြောပွဲနှင့်စာအုပ်ဈေးပွဲတော်ကြီးကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Event Park(MEP) ၌ ကျင်းပရာ ကြေးမုံသတင်းအဖွဲ့ သွားရောက်ပြီး ဈေးပွဲတော်ကြီးနှင့်ပတ်သက်၍ တက်ရောက်လာသူများ၏ အမြင်များကို မေးမြန်းရေးသားလိုက်ရပါသည်။

စာပေဖြင့်ဘဝတိုးတက်အောင်မြင်သူတို့၏ ဟောပြောပွဲနှင့် စာအုပ်ဈေးပွဲတော်ကြီးတွင် စာပေဆိုင်ရာအမြင်

အဆိုပါ ဈေးရောင်းပွဲတော်သို့ တက်ရောက်လာသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (စာရေးဆရာ မင်းဗထူး)က ယနေ့ခေတ်လူငယ်လူရွယ်များဘဝတွင် အောင်မြင်မှုရရှိရန် ကြိုးစားရာတွင် သိထားသင့်သည်များ၊ ခံယူထားရမည့် စိတ်ဓာတ်များနှင့် ပတ်သက်၍ "ခုနက ပြောသွားသလိုပါပဲ၊ ကိုယ့်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပေါ့နော်၊ တစ်ဦးချင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးသင့်တယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက်ပေါ့နော်။ ဒါကိုလည်း ဦးစားပေးသင့်တယ်။ တစ်ဦးတည်းအတွက်၊ ပုဂ္ဂလိကအကျိုးစီးပွားအတွက် အတ္တချည်းသက်သက်ဆောင်ရွက်တာမျိုးထက် အတ္တ၊ ပရမျှအောင် ဖွံ့ဖြိုးတိုးတက်စေတဲ့ နည်းလမ်းတွေကို လေ့လာသင်ယူသွားစေလိုပါတယ်။ နောက်တစ်ခုက သင်ယူမှုဆိုတဲ့အရာဟာ ဘယ်တော့မှ ပြီးဆုံးသွားလိမ့်မယ် မဟုတ်ဘူး။ ပြည့်စုံသွားပြီရယ်လို့ မရှိပါဘူး။ ကျွန်တော်ပင်လျှင် အခုချိန်ထိ သင်ယူနေဆဲပဲ။ ဘယ်လိုသင်ယူသလဲ။ စာတွေဖတ်တယ်၊ အဲဒီကနေ သင်ယူတာ။ အခြားသူတွေနဲ့ စကားပြောတယ်၊ စကားပြောရင်းကိုပဲ သင်ယူတယ်၊ ကောင်းတဲ့အကြံဉာဏ်လေးတွေ အဲဒီလို ကိုယ်သင်ယူရတာ စိတ်နေစိတ်ထားကတော့ အပြုသဘောဆောင်တဲ့ စိတ်နေစိတ်သဘောထား ထားပြီးတော့နေရင် တိုင်းပြည်အတွက်ရော ကိုယ့်အတွက်ပါ ဖွံ့ဖြိုးတိုးတက်မယ်။ ကိုယ်တိုးတက်ဖို့ တခြားလူကို မထိခိုက်စေရဘူး။ အဲဒီ စိတ်ဓာတ်နဲ့ လုပ်လာတဲ့အခါမှာ အောင်မြင်မှုရလာပြီးတော့ အခုလို အခြေအနေဖြစ်လာတာပါ။ တကယ်တော့ ကျွန်တော်က သာမန်မိသားစုက မွေးဖွားလာတဲ့ လူငယ်လေးကနေမှ ဖွံ့ဖြိုးတိုးတက်လာတာ။ ဘဝမှာ ရင်ဆိုင်ခဲ့ရတဲ့တိုက်ပွဲတွေ အမြောက်အမြားရှိခဲ့တယ်။ စာပေကတော့ ကိုယ်စိတ်ဝင်စားတဲ့စာပေမျိုးကို ဖတ်သင့်တယ်။ စိတ်ဝင်စားမှုရှိမှလည်း အဲဒီစာပေက အကျိုးကျေးဇူးရှိမယ်လေ။ နို့မို့ဆိုရင် ကိုယ်တိုင်က စိတ်မဝင်စားဘဲ၊ အကြောင်းအရာကို မသိဘဲနဲ့ဆိုရင် ဘာမှထူးမှာ မဟုတ်ဘူး။ ရွေးချယ်ပြီး ဖတ်တတ်ဖို့ မှန်ကန်ဖို့ပဲလိုတယ်" ဟု ပြောသည်။

ဆုချီးမြှင့်ပွဲတွင် ၂၀၁၂ ခုနှစ် အကောင်းဆုံးထုတ်ဝေသူဆုကို ဆရာကျော်ဦး (ပါရမီစာပေတိုက်)က ရရှိပြီး ၂၀၁၃ ခုနှစ် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုကို အင်းဝစာအုပ်တိုက်က ရရှိသွားသည်။

အင်းဝစာအုပ်တိုက်မှ မန်နေဂျာ ဦးမောင်မောင်လွင်က "ပထမဦးဆုံး

ဦးမောင်မောင်လွင်

စတင်ချီးမြှင့်တဲ့စာအုပ် အရောင်းဆိုင်ဆုလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အတူ လက်တွဲခဲ့ကြတဲ့ ထုတ်ဝေသူတွေ၊ ဖြန့်ချိသူတွေ၊ အစဉ်တစိုက် အားပေးခဲ့ကြတဲ့ စာဖတ်ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ စာအုပ်လုပ်ငန်းက အမြတ်အစွန်းနည်းပါတယ်။ ဒါပေမယ့် အသိဉာဏ်တွေ၊ ဗဟုသုတတွေ မျှဝေပေးရာရောက်လို့ ပီတိအကျိုးအမြတ်က များမယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

စာအုပ်ဈေးပွဲတော်ကြီးတွင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ခင်းကျင်းပြသထားပြီး စာအုပ်အမျိုးအစားများမှာလည်း စုံလင်လှသည်ကိုတွေ့ရသည်။ ထို့ပြင် စာပေဝါသနာပါသူများအတွက်လည်း အထူးလျှော့ဈေးများဖြင့် ရောင်းချနေကြောင်းကိုလည်း မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းအတွင်းရေးမှူး ဦးမြင့်ထွန်းက "၁၀ ရာခိုင်နှုန်းလောက်တော့ အနည်းဆုံးလျှော့ပေးကြတယ်။ စာကြည့်တိုက်တွေအတွက်တော့ သီးခြားဈေးနှုန်းနဲ့ရောင်းပေးကြတယ်။ ထက်ဝက်လျှော့

ကိုမြင့်ထွန်း

တာမျိုးတွေ၊ လေးအုပ်တစ်ထောင်တို့၊ တစ်အုပ် ၂၀၀၊ ၃၀၀ တို့လောက်နဲ့ ရောင်းတဲ့ဆိုင်တွေတောင်ရှိတယ်။ စာအုပ်တွေကို စိတ်ကြိုက်ရွေးချယ်ပြီး ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရတယ်။ စာအုပ်အမျိုးအစားစုံစုံလင်လင်ကို တစ်နေရာတည်းမှာ လွယ်လင့်တကူ ဝယ်လို့ရတဲ့အတွက် စာအုပ်ဈေးပွဲတော်တွေ ကျင်းပတာ အရမ်းကောင်းပါတယ်"ဟု ပြောသည်။

ဆက်လက်၍ လူငယ်တွေအနေနဲ့ ဒီလို စာရေးစာဖတ်ပွဲတွေ၊ စာအုပ်ဈေးပွဲတော်တွေ ပြုလုပ်တဲ့အတွက် စာပေစကားနဲ့ ပတ်သက်ပြီး သူတို့နားထဲမှာကြားပါများရင် ဒီအပေါ်မှာ အာရုံရောက်လာမယ်၊ အခု Social Media တွေက ခေတ်စားလာတော့ စာအုပ်ကို ဖတ်တဲ့နှုန်းက ကျလာတယ်။ အဲဒီအတွက် သူတို့ရှေ့မှောက်ရောက်အောင် စာအုပ်ဈေးပွဲတော်တွေလုပ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်

ဒေါ်နန်းအိအိဇာ

ဖြန့်ချိသူများအသင်း၏ ဘဏ္ဍာရေးမှူးလည်းဖြစ်၊ နန်းဒေဝီစာပေမှလည်းဖြစ်သော ဒေါ်နန်းအိအိဇာက "ကျွန်မအနေနဲ့ ဘာတာဝန်ယူရသလဲဆိုတော့ ဒီဘက်ခေတ်မှာ လူငယ်တွေ စာအုပ်ဖတ်တာအားနည်းကြတယ်။ စာဖတ်ခြင်းအတွက်ကြောင့်မို့လို့ ဘဝတွေဘယ်လိုတိုးတက်အောင်မြင်သွားတယ်ဆိုတာ သူတို့သိအောင်လို့ပါ။ သူတို့ကို အသိဉာဏ်တွေ၊ ဗဟုသုတတွေပေးဖို့ ဘယ်လိုခေါ်မလဲ စာလည်းရေးတယ်၊ အောင်မြင်နေတဲ့ သူတို့ကိုဖိတ်ခေါ်တယ်၊ အဲဒါ ဦးကျော်ကျော်လှိုင်ပါမယ်၊ အရှိုးပါမယ်၊ ပြီးတော့နိုင်ဇော် ဂစ်တာတီးတဲ့နိုင်ဇော်ပါ၊ ပြီးတော့ မတင်မိုးလွင်၊ နန်းခင်ဇေယျာ၊ နန်းဆုကေဆွမ် ဒီလူလတ်ပိုင်းတွေပေါ့နော်။ သူတို့က စာလည်းရေးတယ်၊ သူတို့ဘဝ ဘယ်လိုတိုးတက်နေတယ်၊ ဒါတွေကိုသိစေချင်တာပါ။ စာအုပ်စာပေလူ့မိတ်ဆွေဆိုတဲ့အတိုင်းပေါ့။ စာဖတ်ခြင်းအကျိုးကျေးဇူးဘယ်လိုရမလဲ၊ ဘဝကိုဘယ်လိုဖြတ်သန်းမလဲ၊ ကိုယ်ခန္ဓာကျန်းမာရေးကို ဘယ်လို

ကိုကျော်သူလင်း

ထိန်းသိမ်းမလဲဆိုတာတွေကို အသိပေးချင်လို့ ကျွန်မကတာဝန်ယူပြီး သူတို့ကိုဖိတ်ခဲ့တာပါ။ သူတို့က ၂၆၊ ၂၇၊ ၂၈ ရက်တွေမှာ လာဟောပြောကြမှာပါ"ဟု ပြောကြားခဲ့သည်။

ကိုကျော်သူလင်း (ForeverGroup၊ (MRTV-4) Reader Channel မှ Channel တာဝန်ခံ)ကလည်း "ဒီနေ့ ကျွန်တော်တို့ကျင်းပတဲ့ ပွဲကတော့ Reader Channel စာဖတ်သူတို့ရုပ်သံလိုင်းနဲ့ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းပြီးတော့ စီစဉ်တဲ့ Reader Channel ရဲ့ ပထမဆုံးအကြိမ်ကျင်းပတဲ့စာအုပ်ပွဲတော်ပါ။ အဓိကကတော့ စာဖတ်သူတို့ရုပ်သံလိုင်းဆိုတဲ့အတိုင်းပါပဲ။ ဒီစာပေလောကအတွက်၊ စာပေလောကသားတွေအတွက်၊ စာဖတ်သူတွေအတွက် အကျိုးရှိမယ့် အစီအစဉ်ကောင်းများစွာကို ဒီ Channel ကနေ ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးတာဖြစ်ပါတယ်။ ဒီChannel ဟာ အခမဲ့ ရုပ်သံလိုင်းဖြစ်တဲ့အတွက် မြန်မာပြည်သူလူထုထံကို ဒီစာပေနဲ့ ပတ်သက်တဲ့ အစီအစဉ်ပေါင်းများစွာကို အချိန်နဲ့တစ်ပြေးညီထုတ်လွှင့်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

Reader Channel စာဖတ်သူရုပ်သံလိုင်းနဲ့အတူ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကိုကျော်သူလင်းက "ရည်ရွယ်ချက်ကတော့ စာဖတ်ရှိန်မြှင့်တင်ဖို့ပါ၊ စာဖတ်ခြင်းအလေ့အထကောင်းတွေ ပိုရှိလာဖို့ပါ"ဟု ရှင်းပြခဲ့သည်။

စာပေချစ်သူတစ်ယောက်အနေဖြင့် တက်ရောက်လာသည့် စာရေးဆရာမ ဒေါ်မျက်သွယ်ကလည်း စာအုပ်ဈေးရောင်းပွဲများသို့ လူငယ်လူရွယ်များ စိတ်ဝင်တစား လာရောက်စေချင်ကြောင်း သူမ၏ရင်တွင်းဆန္ဒကို ပြောပြခဲ့သည်။

အဆိုပါ ဈေးရောင်းပွဲတော်ကြီးကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖတ်ခြင်း၊ အနုပညာဟောပြောပွဲများ၊ စာရေးဆရာ ဆရာမများ၏ စာအုပ်လက်မှတ်ရေးထိုးပွဲများ၊ကလေးများအတွက် ပျော်ရွှင်စရာ အစီအစဉ်များ၊ ရေးသူ၊ ဖတ်သူတွေ့ဆုံပွဲများ၊ ပရိသတ်များ နားနေ စာဖတ်နိုင်မည့် နေရာများအပြင် ကံစမ်းမဲအစီအစဉ်လည်း ထည့်သွင်းထားသည့်အတွက် စာပေချစ်မြတ်နိုးသူများ သွားရောက်လေ့လာဝယ်ယူနိုင်ပါရန် ရေးသားလိုက်ရပါသည်။ ။

သီသီမင်း





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၂ကံဘဲ့၊ မြေကွက်အမှတ်-၁၁/ဃ၂၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၅၁/ခ)၊ ကမ္ဘာအေးစေတီလမ်း၏ ဦးဖိုးတက်လမ်းသွယ်၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ အမည်ပေါက် ဒေါ်ခင်ဆွေဝင်း၊ မောင်မြင့်သိန်း၊ မောင်သိန်းဌေး၊ မခင်အေးဝင်း (အုပ်ထိန်းသူမိခင် ဒေါ်သိန်းနွယ်)ဖြင့်ရှိသော မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်ထံမှ စွန့်လွှတ်စာတမ်း ၃၉/၇၇ (၂၄-၁-၇၇)ဖြင့် ဦးသိန်းဌေးမှ ပိုင်ဆိုင်လာပါသည်။ ဦးသိန်းဌေးထံမှ အရောင်းအဝယ်စာချုပ် ၈၄၈/၈၁(၁၅-၁၂-၈၁)ဖြင့် ဦးမြစိန်၊ဒေါ်စိန်မြတို့မှ ပိုင်ဆိုင်လာ၏။ ၎င်းတို့မှ အရောင်းအဝယ်စာချုပ် ၈၄၁/၈၃(၂၉-၉-၈၃)ဖြင့် ဦးစံရင်မှ ပိုင်ဆိုင်လာပါသည်။ ဦးစံရင်ထံမှ အရောင်းအဝယ်စာချုပ် ၁၀၄၈/၈၅(၂၁-၁၀-၈၅) ဖြင့် ဒေါ်စိုးစိုးမှပိုင်ဆိုင်လာပါသည်။ ၎င်းထံမှအပိုင်ပေးစာချုပ်အမှတ်၂၃၂၅/ ၉၂(၂၇-၁၁-၉၂) ဖြင့် မြေကွက်၏အစိတ်အပိုင်းအား ဒေါ်စိမ်းစို(ခ)ဒေါ်အေးသီ[၁၂/မရက(နိုင်) ၀၁၉၆၇၁]မှ ပိုင်ဆိုင်ကြောင်း စာချုပ်အဆက်အစပ်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၉၁၉/က၊ မြေကွက်တည်နေရာအမှတ်(၉၁၉/ က)၊ (၁၆)လမ်း၊ ရန်ပြေ(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်သန်းရင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းရင်(မိခင်)နှင့် ဦးကျော်ငြိမ်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်စန်းစန်းငြိမ်း[၁၂/သကတ (နိုင်) ၀၁၂၇၈၁]၊ ၂။ဒေါ်ရင်ရင်ငြိမ်း[၁၂/သကတ(နိုင်)၀၄၂၇၃၉]၊ ၃။ဒေါ်ခိုင်ခိုင်ငြိမ်း[၁၂/သကတ(နိုင်)၁၂၂၂၅၃]၊ ၄။ဒေါ်ယဉ်ယဉ်ထွေး[၁၂/သကတ(နိုင်)၁၂၂၀၀၃]တို့မှ သေစာရင်းကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၆၈၀၁/၂၊ မြေကွက်တည်နေရာအမှတ်(၆၈၀၁/၂)၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဒေါ်စိန်) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်[၁၂/ဥကမ(နိုင်)၁၀၈၉၈၀]က ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကွင်းလယ်ကစားသမား မာတာအား မန်ယူစာချုပ်ခေါ်ယူ

နောက်ထပ်ကစားသမားသစ် ထပ်ခေါ်မည်မဟုတ်ဟု မိုယက်ဖွင့်ဟ

ငွေကြယ်

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ချယ်လ်ဆီးအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဂျူအန်မာတာအား ပြောင်းရွှေ့ကြေးပေါင် ၃၇ ဒသမ ၁ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ပထမဆုံးပြောင်းရွှေ့လာသော ကွင်းလယ်ကစားသမား မာတာသည် ဇန်နဝါရီ ၂၈ ရက်တွင် မန်ယူအသင်း၏အိမ်ကွင်း၌ ကာဒစ်ဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအသင်းအတွက် ပထမဆုံးပွဲထွက်ကစားရန် အသင့်ရှိနေကြောင်းလည်း သိရသည်။

မာတာသည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင် ဖန်တီးပေးသော ဂိုး ၂၈ ဂိုးနှင့် သွင်းဂိုး ၃၂ ဂိုးအထိ သွင်းယူကာ ချယ်လ်ဆီးအသင်းအတွက် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ကစားသမားလည်းဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြဒေးဗစ်မိုယက်အနေဖြင့် ကွင်းလယ်ကစားသမားမာတာအား အိုးထရက်ဖို့ဒ် အရောက်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး မာတာအား ခေါ်ယူပြီးနောက် ဇန်နဝါရီအပြောင်းအရွှေ့အတွင်း မန်ယူအသင်းအတွက် ကစားသမားသစ် ထပ်မံခေါ်ယူရန် မရှိကြောင်း ဒေးဗစ်မိုယက်က ပြောကြားခဲ့သည်။

ဘိုရီယယ်လိုနှင့် နိုစီရိနိုအား အငှားစာချုပ်ဖြင့် ဝက်စ်ဟမ်းခေါ်ယူ

ဝက်စ်ဟမ်းယူနိုက်တက်အသင်းသည် အသင်း၏လိုအပ်လျက်ရှိသော ကစားသမားအင်အားကိုဖြည့်တင်းသည့်အနေဖြင့် အီတလီစီးရီးအေ၏ ကြယ်ပွင့်များဖြစ်သည့် မာကိုဘိုရီယယ်လိုနှင့် အန်တိုနီယိုနိုစီရိနိုတို့နှစ်ဦးအား ယခုနှစ်ဘောလုံးရာသီကုန်သည်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

နိုစီရိနိုသည် ယခုဝက်စ်ဟမ်းအသင်းသို့ မပြောင်းရွှေ့မီ စီးရီးအေကလပ်အေစီမီလန်အသင်းတွင် ကစားခဲ့သူဖြစ်သည်။ အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးဘိုရီယယ်လိုမှာမူ ရိုးမားအသင်းတွင်ကစားခဲ့သူဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနှင့် ယာယီစာချုပ်တစ်ရပ်ချုပ်ဆိုကာ ဝက်စ်ဟမ်းအသင်းတွင် ၂၀၁၄ ခုနှစ် ဇွန် ၃၀ အထိ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အရောင်းသွက်နေသည့် မန္တလေးကတ္တီပါဖိနပ်ဈေးကွက်

မန္တလေး ဇန်နဝါရီ ၂၆

ကုန်ကြမ်းပစ္စည်းများဈေးမြင့်တက်သော်လည်း ဒီဇိုင်းအသစ်များ ထွက်ရှိကာ ရောင်းဈေးမတက်သည့်အတွက် မန္တလေးကတ္တီပါ ဖိနပ်ဈေးကွက်မှာ ယခင်နှစ်ကထက် ရောင်းအားနှစ်ဆမြင့်တက်လျက်ရှိကြောင်း သိရသည်။

ဖိနပ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် နွားသားရေနှင့် ကျွဲသားရေများ အပါအဝင် ရော်ဘာနှင့်ကတ္တီပါအခင်းများအားလုံး ဈေးမြင့်တက်သွားသော်လည်း ဒီဇိုင်းအသစ်များတီထွင်နိုင်ပြီး ရောင်းဈေးနှင့် ဖြန့်ဈေးအား ပြောင်းလဲခြင်းမရှိသည့်အတွက် ပစ္စည်းပြတ်သည်အထိ အရောင်းသွက်လျက်ရှိကြောင်း ဆင်ကိုးကောင်နှင့် တိုးနယားဖိနပ်လုပ်ငန်းမှ ဒေါ်စောကေသီမြိုင်က ပြောသည်။

"ကုန်ကြမ်းအားလုံး ဈေးတက်ပေမယ့် ရောင်းဈေးကို မတက်ထားပါဘူး။ တရုတ်နဲ့ ဂျပန်ကထုတ်တဲ့ ကတ္တီပါခင်း ဒီဇိုင်းအသစ်တွေ ဝင်လာတဲ့အပြင် ကျွန်မတို့ ထုတ်လုပ်သူတွေကလည်း ခေတ်နဲ့အညီဖြစ်အောင် ဒီဇိုင်းအသစ်တွေ အမြဲတမ်း ဆန်းသစ်တီထွင်နေရပါတယ်။ စီးတဲ့သူတွေလည်း အမျိုးသမီးများသာမက အမျိုးသားများပါ ပြောင်းလဲလာကြပါတယ်"ဟု ၎င်းက ပြောသည်။

ဈေးကွက်တွင် အရောင်းသွက်လျက်ရှိသည့် ဖိနပ်အမျိုးအစားများမှာ အမျိုးသမီးများအတွက် စိန်စီဒေါက်မြင့်ဖိနပ်များနှင့် စိန်စီပုံတော်ဖိနပ်များဖြစ်ကြပြီး အမျိုးသားများအတွက် ကတ္တီပါ အရောင်ဆန်းလေးများ၊ ကတ္တီပါအကွက်ဆန်းများနှင့် ချည်အကွက်ဆန်းဖိနပ်များ ရောင်းအားသွက်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ဒီနှစ်မှာ တရုတ်နဲ့ဂျပန်က ကတ္တီပါဒီဇိုင်းအသစ်တွေ ဝင်လာတယ်။ အဲ့ဒီကတ္တီပါအပေါ်မှာ အမျိုးသမီးတွေအတွက် စိန်ပွင့်လေးတွေနဲ့ ဒီဇိုင်းအသစ်တွေထွင်ပြီး ချုပ်လုပ်ပေးထားတဲ့အတွက် လူကြိုက်များပါတယ်။ အခုခေတ်အမျိုးသား လူငယ်တွေက အရောင် ဆန်းသစ်တာလေးတွေ ကြိုက်လာကြတယ်။ ပုဆိုးအရောင်၊ တိုက်ပုံအရောင်နဲ့ လိုက်ဖက်မယ့် အရောင်လေးတွေ ရွေးပြီးစီးလာကြတယ်။ နောက်ပြီး သားရေပေါ်မှာ တရုတ်နိုင်ငံက ယခုနှစ်မှ ဝင်လာတဲ့ ချည်အကွက်ဆန်းနဲ့ ကတ္တီပါအကွက်ဆန်းခင်းထားတဲ့ ဖိနပ်တွေကိုကြိုက်ကြတယ်။ ကုန်ကြမ်းပြတ်တဲ့အထိ ရောင်းရပါတယ်"ဟု ဆိုသည်။

လက်ရှိဈေးကွက်အတွင်း အရောင်းသွက်နေသည့် ဖိနပ်ဈေးနှုန်းများမှာ ကတ္တီပါဖိနပ် (ရိုးရိုး) ကျပ် ၄၅၀၀၊ ကတ္တီပါခင်းပေါ်တွင် ဆေးရေးခြယ်ထားသော စိန်စီဖိနပ်များမှာကျပ် ၇၀၀၀ မှ ၁၅၀၀၀ အထိ ရောင်းဈေးရှိပြီးကတ္တီပါအကွက်ဆန်းနှင့် ချည်အကွက်ဆန်းဖိနပ်များမှာ ကျပ် ၅၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၂၆

"မိုးမှာ လေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ နွေမှာအသင့်ဖြစ်ရေး" သတိဆောင်ပုဒ်နှင့်အညီ နေပြည်တော် တပ်ကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်း ရပ်ကွက်အလိုက် ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက် နံနက်က မြို့မ (၆)ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဝင်း၊ ဗိုလ်မင်းရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းနွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ကွင်းဆင်း၍ ထင်း၊ မီးသွေးမီး၊ ဂတ်(စ်) မီးဖိုအသုံးပြုနေသူများ မီးသုံးစွဲမှု၊ မီးချိတ်၊ မီးကပ်ထားရှိမှု၊ သဲပုံး၊ ရေပုံးထားရှိမှု၊ အရေးပေါ် မီးသတ်ကား သွားလာနိုင်မှုများနှင့် လျှပ်စစ်ဝါယာကြိုးသွယ်တန်းထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)(၅၆၄)**

MYANMAR NATIVE LAND PUBLIC CO.,LTD
(Logo)
(Certificate for Commencement of Business)
Logo
မြန်မာ့တာတီမြေ

GOLDEN STAR

ဝန်ထမ်းအလိုရှိသည်

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား ကြိုဆိုကြပါစို့

ခင်ချင်းတွင်း

မြန်မာ့ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကောင်းမွန်စေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ပြောင်းလဲနိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ ပထမ ပြုပြင်ပြောင်းလဲရေးအဖြစ် နိုင်ငံရေးစနစ်ပြောင်းလဲခြင်းနဲ့ တိုင်းရင်းသားလူမျိုးစုတွေအကြား အပြန်အလှန်နားလည်မှုနှင့် ငြိမ်းချမ်းရေးအကျိုးရလဒ်များကို ဖြစ်ပေါ်စေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယပြုပြင်ပြောင်းလဲရေးအဖြစ် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးဖြစ်ပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) နည်းလမ်းဖြင့် ချဉ်းကပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တတိယပြုပြင်ပြောင်းလဲရေးအဖြစ် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရေးအတွက် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ဗဟိုထိန်းချုပ်မှုလျှော့ချခြင်းနှင့် ဒေသဆိုင်ရာအစိုးရများ၏ အုပ်ချုပ်မှုစွမ်းရည်တိုးတက်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးကိုလည်း အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ စတုတ္ထပြုပြင်ပြောင်းလဲရေးအနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် အရေးပါသော အားလုံးပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု၊ ပွင့်လင်းထင်သာမြင်သာရှိမှု၊ တာဝန်ယူမှုများကို တိုးတက်အောင် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံများ၏ ဖွံ့ဖြိုးမှုကို အဓိကစွမ်းဆောင်နိုင်သည့် Stakeholder အဓိက Player များအဖြစ် နိုင်ငံတော်အစိုးရ (Government)၊ပုဂ္ဂလိကကဏ္ဍ (Private Sector)၊ ပြည်သူများ (Public)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ(IOs) တို့ပင်ဖြစ်သည်ဟု သတ်မှတ်လာခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးမှုအတွေ့အကြုံအရ လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း နိုင်ငံများ၏ ဖွံ့ဖြိုးမှုကို စွမ်းဆောင်နိုင်ကြသူများထဲတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များဟူသော Stakeholder များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကလိုအပ်သည့် နည်းပညာအကူအညီ ဖွံ့ဖြိုးမှုအတွက် တစ်မျိုးထပ်မံ တိုးတက်လာခဲ့ပါသည်။ ဖော်ပြပါ Stakeholder များအားလုံး ဖွံ့ဖြိုးမှုလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏ဖွံ့ဖြိုးမှုမှာ အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုးတက်လာမည်မှာ အမှန်ဧကန်ပင်ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးမိတ်ဆက်

ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသည့် Stakeholder များအားလုံးပါဝင်တက်ရောက်ခဲ့သည့် ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ အဆိုပါဖိုရမ်တွင် ထိရောက်မှုရှိစေမည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ပဲရစ်ကြေညာချက် စည်းမျဉ်းစည်းကမ်းများဖြစ်သည့် အကူအညီရယူသည့် နိုင်ငံ၏ ဦးဆောင်မှုဖြင့် စီမံချက်ညှိနှိုင်းမှုများဆောင်ရွက်ခြင်း၊ နိုင်ငံ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မှု၊ သဟဇာတဖြစ်မှု၊ သက်ဆိုင်ရာနိုင်ငံအတွက် အကျိုးရလဒ်ကောင်းရရှိရေးအတွက် အလေးထားဆောင်ရွက်ကြရာတွင် မြန်မာအစိုးရဘက်မှ ကတိကဝတ်များရှိသကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှလည်း ကတိကဝတ်များ ထားရှိပါသည်။

အပြန်အလှန်ထားရှိခဲ့သည့် ကတိကဝတ်များ

မြန်မာအစိုးရဘက်မှ ဦးစားပေးဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် ပိုမိုနက်ရှိုင်းစွာ ဆက်လက်ညှိနှိုင်းဆွေးနွေးသွားရန် အမျိုးသား အဆင့် ဦးစားပေးလုပ်ငန်းများပေါ်ပေါက်ရေးအတွက် အလေးထားဆောင်ရွက်ရန်၊ ထိရောက်သည့် ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်ပေါ်စေရန်၊ အချိတ်အဆက်မိ၍ စွမ်းဆောင်ရည်ရှိသည့် အကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးစနစ် ဖွံ့ဖြိုးလာစေရန်၊ အစိုးရ၏ စီမံကိန်းများအတွက် နိုင်ငံခြားအကူအညီများထိရောက်မှုနှင့် ထင်သာမြင်သာရှိမှုကို မြှင့်တင်ရန်အတွက် ပြည်သူ့ရေးရာအုပ်ချုပ်ရေးစနစ် ခိုင်မာစေရန်တို့ဖြစ်ပါသည်။

အလားတူပင် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား ပံ့ပိုးကူညီပေးရန်၊ ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံ၏ ဦးစားပေးလုပ်ငန်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံမှ ဦးဆောင်သောညှိနှိုင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်တွင် ပံ့ပိုးပါဝင်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးကို အထောက်အကူပြုပံ့ပိုးရန်၊ မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ အများဆုံးရရှိအောင် အလေးထားကြိုးပမ်းရန်၊ အဖွဲ့အစည်းများခိုင်မာရေး၊ စွမ်းဆောင်ရည်တည်ဆောက်ရေး၊ အနာဂတ်အကောင်အထည်ဖော်ဆောင်မည့် စီမံကိန်းများအား ပိုမိုထိရောက်စေရေးအတွက် အစိုးရနှင့်လက်တွဲဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအတွက် Stakeholder

ဖွံ့ဖြိုးမှုမိတ်ဖက်များအား ငွေရေးကြေးရေးအရ အကူအညီရရှိမှုနှင့် အကူအညီတောင်းခံမှုဆိုသည်ထက် ဖွံ့ဖြိုးမှုအတွက် Stakeholder အဖြစ် သတ်မှတ်၍ မူဝါဒဆိုင်ရာဆွေးနွေးမှုများကို ဆောင်ရွက်လာခြင်း၊ နည်းပညာ၊ စွမ်းရည်၊ အရင်းအမြစ်တိုးတက်မှုများဖြစ်ပေါ်စေရန် ကြိုးပမ်းခြင်းပင်ဖြစ်သည်။ ယခင်ကရရှိခဲ့သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီ(Humanitarian Aid)ထက် နိုင်ငံဖွံ့ဖြိုးမှုကို အထောက်အပံ့ပြုမည့်အကူအညီ (Development Aid) သို့ ကူးပြောင်းရမည့်အချိန်အခါ ဖြစ်ပါသည်။

ထိရောက်သည့်အကူအညီများ ဖြစ်ပေါ်စေရေး

ယခုအခါ နိုင်ငံတော်၏ တံခါးဖွင့်ဝါဒနှင့်အညီ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတိုးတက်ကောင်းမွန်လာပြီး ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီအထောက်အပံ့၊ ဖွံ့ဖြိုးမှုအကူအညီချေးငွေ၊ နည်းပညာအကူအညီများတိုးတက်စီးဝင်ရရှိလျက်ရှိပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့်အစဉ်အလာမှ အခြားသော ငွေကြေးဇာစ်မြစ်များဖြစ်သည့် နိုင်ငံတကာအကူအညီအထောက်အပံ့၊ ချေးငွေနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကိုရယူပြီး ဖွံ့ဖြိုးမှုအတွက် ထိရောက်သည့် အကူအညီများ ဖြစ်ပေါ်စေရေးကို ဆောင်ကြဉ်းရန် ဖြစ်ပါသည်။

ပြည်သူတို့၏ လိုအပ်ချက်(သို့မဟုတ်) နိုင်ငံတော်၏ ဦးစားပေး

နိုင်ငံတော်အနေဖြင့် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု မူဝါဒအရ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်အောက်တွင် ဦးစားပေးကဏ္ဍများဖော်ထုတ်၍ ဖွံ့ဖြိုးမှုစီမံချက်များကို ဆောင်ရွက်ရာတွင် ပြည်သူကိုတိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ်သော လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတို့၏ လိုအပ်ချက်သည် နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းများပင်ဖြစ်ရာ အဆိုပါ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များအား အစိုးရအဖွဲ့၊ လွှတ်တော်များ၊ နိုင်ငံရေးအင်အားစုများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့်သာ ထိရောက်သည့် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ရရှိရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုတိုးတက်မြင့်မားစေရန် နိုင်ငံတကာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အရှိန်အဟုန်မြှင့်တင်ရာတွင် အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို တတ်နိုင်သလောက် လက်လှမ်းမီရယူနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့်ပူးပေါင်းမှုများ မြှင့်တင်လျက်ရှိပါသည်။ ယခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကိုလည်း "တိုးတက်မှုအရှိန်မြှင့်ရေး - အားလုံးပါဝင်ပူးပေါင်းမြှင့်တင်ပေး" "Accelerating Actions for Progress through Enhancing Inclusive Coordination"ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

ဖိုရမ်အစီအစဉ်အရ အနာဂတ်တွင် ရှေ့ဆက်ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုမဟာဗျူဟာများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးစီမံကိန်းများ၊ ဒီမိုကရေစီယဉ်ကျေးမှုနှင့် အမျိုးသားဟန်ချက်ညီမှုကို မြှင့်တင်ရေးအစီအစဉ်များ၊ ကဏ္ဍအလိုက်နှင့် ဒေသအလိုက် ဦးစားပေးလုပ်ငန်းစီမံကိန်းများတင်ပြခြင်းများဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် ဖွံ့ဖြိုးမှုစီမံကိန်းများအား မိတ်ဖက်များဘက်နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများအား ပူးပေါင်းဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့လူသားရင်းမြစ်စွမ်းရည်တိုးတက်ကောင်းမွန်ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားနပ်ရိက္ခာလုံခြုံရေး၊ လူမှုအကာအကွယ်ပေးရေးနှင့် လူသားလုံခြုံမှုဖြစ်ပေါ်စေရေး၊ ပုဂ္ဂလိကပါဝင်မှုအားကောင်းစေရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးမှု၊ ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ကျရေး၊ မြန်မာနိုင်ငံ၏ အခြေခံဆိုင်ရာ အဆောက်အအုံဖွံ့ဖြိုးမှုတွင် တိုးတက်ရင်းနှီးမြှုပ်နှံရေး စသည့်ခေါင်းစဉ်များဖြင့် စိတ်ပါဝင်စားရာနှင့် ကျွမ်းကျင်ရာအဖွဲ့များခွဲကာ ဆွေးနွေးအဖြေရှာကြမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီအထောက်အပံ့ရရှိပါက ပိုမိုထိရောက်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များပေးအပ်သည့် အကူအညီများသည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ အဖွဲ့အစည်းများစွမ်းရည်တိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာစေခြင်း စသည့် နယ်ပယ်ကဏ္ဍများတွင် တိုးတက်မှုများစတင်ရရှိနေပြီဖြစ်ပါသည်။ ပိုမိုတိုးတက်မှုပိုမိုမြန်ဆန်စေလိုပါက ယခုထက်ပိုမို၍ ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းအားဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် ရောက်ရှိသွားစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဘက်ညီမျှတသည့်ဖွံ့ဖြိုးမှုများကိုလည်း ဖြစ်ပေါ်လာစေနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင်နိုင်ငံများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှုအရှိန်မြှင့်တင်ရေးနှင့် ထိရောက်သည့်ဖွံ့ဖြိုးမှုအကူအညီများဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများ၏ ပံ့ပိုးကူညီမှု၊ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများ၏ပံ့ပိုးပူးပေါင်းပါဝင်မှုကိုအသိအမှတ်ပြုအလေးထားလျက် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်နေ့များတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည့်ဖွံ့ဖြိုးမှု Stakeholder အားလုံး ပါဝင်ဆင်နွှဲမည့် ဒုတိယအကြိမ် မြန်မာ့ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်အား လှိုက်လှဲစွာကြိုဆိုအပ်ပါသည်။ ။

ချင်းပြည်နယ်တွင် ထန်တလန်-မတူပီ ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်နေ

ချင်းပြည်နယ်တွင် မိုင် ၅၀ ရှည်လျားသည့် လူထုအကျိုးပြု ပြည်ထောင်စုလမ်းမကြီးကို ထန်တလန်မှ မတူပီအထိ ဖောက်လုပ်မည်ဖြစ်

ထန်တလန်၊ ဇန်နဝါရီ ၂၆

ချင်းပြည်နယ် ထန်တလန်- အိုင်ဘူရ်- နှရိန်း-မတူပီ ပြည်ထောင်စု လမ်းမကြီးကို တိုးချဲ့ဖောက်လုပ်လျက်ရှိပြီး လမ်းမကြီးဖောက်လုပ်သည့် အချိန်သတ်မှတ်မှုတွင် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း ထန်တလန်မှ နှရိန်းကျေးရွာအထိ မိုင် ၅၀ အပြီး ဖောက်လုပ်နိုင်ရန် လျာထားကြောင်း သိရှိရသည်။

ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ရာတွင် ဖြတ်သန်းသွားသည့် လမ်းတစ်လျှောက်ကျေးရွာများက လမ်းဖောက်လုပ်ပေးရန် တောင်းဆိုချက်ကြောင့် ပြည်သူများဖြတ်သန်းသွားလာရာတွင် အသုံးဝင်အကျိုးရှိစေမည့် လမ်းဖောက်လုပ်မှုကို ဂရုပြုရွေးချယ်ပေးခဲ့သည့်အပြင် ရာသီမရွေးသွားလာရလွယ်ကူသည့် ပြည်ထောင်စုလမ်းမကြီးအဖြစ် မြင်တွေ့ရန်မျှော်လင့်ကြောင်း နှရိန်း ကျေးရွာလူထုတွေ့ဆုံပွဲအတွင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြောကြားသည်။

"ကျွန်တော်တို့က ပြည်သူတွေတောင်းဆိုတဲ့အတိုင်း ပြည်ထောင်စုလမ်းမကြီးဖောက်တဲ့ လမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာလမ်းတွေကိုပါ ဖောက်လုပ် ပေးသွားမှာပါ။ လမ်းဖောက်လုပ်မှုကို ဂရုစိုက်ပြီး ရွေးချယ်ထားတဲ့အတွက် ရာသီမရွေး သွားလာနိုင်တဲ့ ပြည်တောင်စုလမ်းမကြီးအဖြစ် တွေ့မြင်ရဖို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ပြောသည်။

၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိနေသည့် နှရိန်း-ရေဇွာလမ်းကို ဆက်လက်ဖောက် လုပ်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် မိုင်တိုင် ၀/၀ မှ မိုင်တိုင် ၃၅/၀ အထိ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ ၁၁ က တာဝန်ယူဖောက်လုပ်ထားခြင်းဖြစ်ပြီး ကျန် မိုင်တိုင် ၃၅/၀ မှ ၅၀/၀ အထိကို ခေါ်နူးသုန်ကုမ္ပဏီလီမိတက်က တာဝန်ယူ ဖောက်လုပ်ပေးခြင်းဖြစ်သည်။

အဆိုပါ ပြည်ထောင်စုလမ်းမကြီးသည် ကျေးရွာပေါင်း ကိုးရွာခန့်ကို ဖြတ် သန်းသွားလာခြင်းဖြစ်ပြီး လမ်းမကြီးပြီးစီးသွားပါက ဒေသခံများ၏ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာတော့မည်ဖြစ်သည်။

နေစု(ချင်းရိုးမ)

ညောင်လေးပင်မြို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်အတွက် ပုဂ္ဂလိကတစ်ဦးချင်းထံမှ ကောက်ခံရရှိငွေများအနက်မှ စည်ပင်သာယာရေးအဖွဲ့သို့ စည်ပင်သာယာဝေစု ဝင်ငွေခွန်ပေးအပ်ပွဲအခမ်းအနားကို ယခုလအတွင်း ညောင်လေးပင်မြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးခန်းမ၌ ကျင်းပခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - နေလင်း (ညောင်လေးပင်)

ကျပ် ၁၅၀၀ တန် မိုဘိုင်းဖုန်းကတ်များ ကျပ် ၈၅၀၀၀ မှ ကျပ် ၁၁၀၀၀၀ အတွင်းသာ အရောင်းအဝယ်ဖြစ်

မိတ္ထီလာ၊ ဇန်နဝါရီ ၂၆

မိတ္ထီလာမြို့တွင် ကျပ် ၁၅၀၀ တန် ဂျီအက်စ်အမ်၊ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟက် မိုဘိုင်းဖုန်းကတ်များ အရောင်းအဝယ် ဈေးကွက်၌ ကျပ် ၈၅၀၀၀ မှ ကျပ် ၁၁၀၀၀၀ အတွင်း အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်း ဒေသခံများကပြောသည်။

မိုဘိုင်းဖုန်းကတ် အရောင်းအဝယ် အကျိုးဆောင် တစ်ဦးဖြစ်သူ မိတ္ထီလာဒေသခံ ကိုဌေးက "စီဒီအမ်အေက ကျပ် ၈၅၀၀၀ အထိပဲ ဝယ်လက်တွေက ပေးဝယ်တယ်။ ဂျီအက်စ်အမ်ကိုတော့ ကျပ် ၁၀၀၀၀၀ အတွင်းပဲ ပေးဝယ်ကြတယ်" ဟု ပြောသည်။

မိတ္ထီလာမြို့ ဈေးကွက်အတွင်းသို့ ရောက်ရှိလာသော ဆင်းကတ် အများစုမှာ မကွေး၊ တောင်တွင်းကြီး၊ ချောက်၊ ကျောက်ပန်းတောင်း၊ မြင်းခြံတို့မှ ဖြစ်သည်။ ဝင်လာသည့် ကတ်အနည်းအများပေါ်မူတည်၍ ဈေးနှုန်း အလျော့အတင်းရှိသည်။

ကျပ် ၁၅၀၀ တန်မိုဘိုင်းဖုန်းကတ်များကို ပြီးခဲ့သည့် ၂၀၁၃ခုနှစ် ဧပြီလအတွင်းကစတင်ပြီး သက်ဆိုင်ရာမှ လစဉ် တန်ဖိုးနည်းဖုန်းအလုံးရေ ၃၅၀၀၀၀ ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ဒုတိယအကြိမ်အဖြစ် တန်ဖိုးနည်း မိုဘိုင်းဖုန်း အလုံးရေ ၃ဒသမ ၂ သန်းကျော် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက်တွင် တတိယအကြိမ် တန်ဖိုးနည်း မိုဘိုင်းဖုန်း ရောင်းချပေးမည့်အစီအစဉ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စီဒီအမ်အေ အလုံးရေ ၈၀၀၊ ဂျီအက်စ်အမ်နှင့် ဒဗလျူ စီဒီအမ်အေ တန်ဖိုးနည်း မိုဘိုင်းဖုန်းအလုံးရေ ၃၅၀၀၀၀ ရောင်းချပေးမည်ဖြစ်ပြီး အငြိမ်းစားများအတွက် ဒဗလျူစီဒီအမ်အေ မိုဘိုင်းဖုန်း ၅၀၀၀၀ ခန့် ထည့်သွင်းရောင်းချမည်ဖြစ်သည်။

ချမ်းသာ (မိတ္ထီလာ)

သတင်းတိုများ

ဒေသဖွံ့ဖြိုးရေးအတွက် ကြိုတင်ငွေချပေး

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့တွင် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု လွှတ်တော်မှထောက်ပံ့သော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် ကြိုတင်ငွေများကို မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုလအတွင်း ရေရရှိရေး၊ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးနှင့်အခြားကဏ္ဍများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ထုတ်ပေးခဲ့သည်။ **ချင်းတွင်းသား**

ညောင်ရွှေတွင် စာအုပ် စာပေပြပွဲကျင်းပ

ညောင်ရွှေမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၃နှစ်မြောက်နှစ်ပတ်လည်နေ့နှင့်စာအုပ်စာပေပြပွဲကို ယခုလအတွင်း ကျင်းပခဲ့သည်။ မြို့နယ်ပြည်သူ့ စာကြည့်တိုက်ရှိ စာအုပ်များကိုပြည်သူများသိရှိစေရန်နှင့် အလွယ်တကူငှားရမ်းဖတ်ရှုနိုင်ရန်ရည်ရွယ်၍စာအုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်ရှိ စာအုပ်မျိုးစုံကို ပြည်သူများ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါအခမ်းအနားသို့အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ခဲ့ပြီး အလှူရှင် ၁၇ ဦးက လစဉ်ထုတ်မဂ္ဂဇင်း ၁၀ မျိုးနှင့်အပတ်စဉ်ထုတ် ဂျာနယ် ရှစ်မျိုးကို တစ်နှစ်စာလှူဒါန်းခဲ့သည်။

(၆၇၃)









နည်းပညာဆောင်းပါး

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်တင်မယ့် SME စွန့်ဦးတီထွင်ကြံဆမှုများ

ကျော်လင်း

တီထွင်ကြံဆခြင်းဆိုရာမှာ အမျိုးမျိုး လုပ်ဆောင်နိုင်ပါတယ်။ အကျိုး အမြတ်ကိုသာ ကြည့်တဲ့တီထွင်ခြင်း နှင့် ရေရှည်အကျိုးဆက်အထိပါ တီ ထွင်ကြံဆခြင်းဆိုပြီး စဉ်းစားထည့် သွင်းလို့ရပါတယ်။ တီထွင်မှုတွေဟာ အဖက်ဖက်မှ နောက်ဆက်တွဲအကျိုးဆက်တွေကို ကြိုတင်တွက်ဆထားဖို့ အရေးကြီးပါတယ်။ နည်းလမ်းတစ်မျိုး တည်းကိုပဲ အသေဖက် တွယ်သုံးမနေ သင့်ပါဘူး။ နောက်ထပ်ဖြစ်နိုင်ချေရှိ တဲ့နည်းလမ်းများကိုလည်း ဆက်လက် စူးစမ်းကြံဆနေဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ အတိတ်ကနေ ယနေ့ထက်တိုင် ရေနံတစ်မျိုးတည်းကိုပဲ အားပြုသုံးစွဲလာခဲ့တာ ယခု ရေနံရဲ့ နောက်ဆက်တွဲ အပူချိန်မြင့်တက်မှု ပြဿနာဟာ ဒီနေ့ကမ္ဘာမှာ အကျယ်ပြန့်ဆုံးနှင့်ဖြေရှင်းရအခက်ဆုံးဖြစ်နေပါတယ်။ တစ်ဖက်ကလည်း စီးပွားရေး၊ နောက်တစ်ဖက်ကလည်း လောင်စာစွမ်းအင်၊ ဒီနှစ်ခုစလုံး နှစ်ဖက်လှဖြစ်အောင်ဆိုရင်တော့ တစ်ခုကို ပြောင်းလဲအစားထိုးဖို့လိုပါတယ်။ ကျွန်တော်တို့ စက်မှုနည်းပညာတော်လှန်ရေး လုပ်ရမှာပါ။ စက်မှုနည်းပညာနှင့်သာ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုကို ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင်နိုင်ပါလိမ့်မယ်။ လောင်စာစွမ်းအင် ပြောင်းလဲတော်လှန်ရေး လုပ်ကြဖို့ အချိန်အခါကို ရောက်ရှိနေပါပြီ။ ဒီနေရာမှာ မီးခိုးထွက်တဲ့ လောင်စာမှန်သမျှကို ပြန်ကြည့်ရပါတော့မယ်။

မီးခိုးထွက်လောင်စာဆိုတော့ စက်ရုံတွေ၊ ယာဉ်ယန္တရားတွေကိုပဲ ကျွန်တော်တို့က မြင်ကြမှာပါ။ မဟုတ်ပါဘူး။ ကျွန်တော်တို့ နေ့စဉ်ချက်ပြုတ်ဖို့ သုံးစွဲနေရတဲ့ထင်း၊ မီးသွေးမီးဖိုတွေ၊ ယုတ်စွအဆုံး ဆေးလိပ်သောက်ရာက ထွက်လာတဲ့ မီးခိုးငွေ့တွေနဲ့ တိရစ္ဆာန်တွေဆီမှထွက်ရှိလာတဲ့ မီသိန်းဓာတ်ငွေ့စသဖြင့် အင်မတန်လူသိနည်းတဲ့ မီးခိုးငွေ့တွေ ကမ္ဘာ့နေရာအနှံ့မှ နေ့တန်ချိန် သန်ပေါင်း ထောင်နဲ့ သောင်းနဲ့ချီပြီး ထွက်ရှိနေပါတယ်။ ပြောင်းလဲမယ်၊ ထိန်းချုပ်မယ်ဆိုရင် ဒီလောက်အထိ တစ်ခုမကျန် လိုက်လံစီစစ်ကြဖို့ လိုပါတယ်။

ကျွန်တော် ဒီလောက်အထိ ပြောနေရတာကတော့ အားလုံးထင်မှတ်မထားကြတဲ့ ရင်းမြစ်တွေကို သတိချပ်မိကြပါ။ ဆန်စင်ရာ ကျည်ပွေ့လိုက်မဖြစ်ကြတဲ့ အသေးအမွှားကအစ ထည့်သွင်း တွက်ချက်ပြီး ထိရောက်အောင် လုပ်ဆောင်နိုင်ကြဖို့ပါ။

ကျွန်တော်တို့မှာ အချိန်မရှိတော့ပါဘူး။ ကျွန်တော်တို့ ရှိတဲ့အချိန်အတွင်းမှာပဲ၊ ရသမျှ အစွမ်းကုန်ထက် နည်းလမ်းရှာရတော့မှာပါ။

> **ကျွန်တော်တို့မှာ နှောင့်နှေး ကြန့်ကြာနေလို့ မရတော့ပါဘူး။**

ကျွန်တော်တို့မှာ နှောင့်နှေးကြန့်ကြာနေလို့မရတော့ပါဘူး။ ဒါကြောင့် ကျွန်တော်ဒီလောက်အထိ ပြောနေရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့မှာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်လာရင် Awareness အသိစိတ်ဓာတ် အင်မတန်နည်းပါးနေကြပါတယ်။ ဖြစ်လာရင် ကြုံသလို၊ ကျသလို ရင်ဆိုင်လိုက်ကြတာသာ များပါတယ်။

ကောင်းပါပြီ၊ ဒီတော့ ကျွန်တော့် အနေနဲ့ကော ဘာတွေလုပ်ဆောင်ပေးနိုင်မလဲလို့ မေးစရာရှိလာပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်လည်း သဘာဝပတ်ဝန်းကျင်အရေးမှာ တစ်ထောင့်တစ်နေရာကနေ အကျိုးပြုဖို့ ကျွန်တော့်ဉာဏ်စွမ်းနဲ့ တီထွင်ကြံဆထားတာတွေ တင်ပြဖို့ရှိပါတယ်။

ကျွန်တော်ကတော့ ထင်း၊ မီးသွေး၊ လောင်စာလျှော့ချသုံးစွဲရေးနဲ့ မခြင်းမချန် ထိရောက်ရေးအတွက် သုံးဘက်တည်/လေးဘက်တည် မီးဖိုဒီဇိုင်းတွေကို တီထွင်ကြံဆထားပါတယ်။ ဒါဟာ (High Effiency) ထိရောက်မှု မြင့်မားတဲ့ ဒီဇိုင်းသစ်တွေပါ။ သူရဲ့ စွမ်းရည်တွေကတော့ ပြောထားတဲ့အတိုင်း မီးဖိုတစ်လုံးတည်းနဲ့ အိုး သုံး၊ လေးလုံး တစ်ပြိုင်တည်းနိုင်တဲ့ ဒီဇိုင်းအမျိုးအစားတွေပါ။

သာမန်မီးဖိုတွေမှာ ဆိုတစ်ခါတည်ရင် အိုးတစ်လုံးထက် ပိုမတည်နိုင်ပါဘူး။ ယခုသုံးဘက်တည် မီးဖိုးတွေကတော့ ပုံတွေမှာ ပြထားတဲ့အတိုင်း မီးဖိုရဲ့ ဘေးပတ်လည်း အပူတွေရှိနေပါတယ်။ အဲဒီအပူအားတွေကိုပါ ထည့်သုံးလို့ရပါတယ်။ ဒါဆိုရင် အိုးတစ်လုံးပြီးမှ နောက်တစ်လုံးစောင့်တည်နေစရာ မလိုတော့ပဲ၊ တစ်ပြိုင်တည်း အကုန်တည်လို့ရတော့ ကုန်ဆုံးမှုတွေ အားလုံးကို လျှော့ချနိုင်ပြီပေါ့။ လောင်စာကုန်ဆုံးမှုလျှော့ချနိုင်မယ်၊ အချိန်

စာမျက်နှာ ၁၉ သို့

ကော့သောင်းမြို့ တပ်နယ်မှူးဖလား တပ်/ရပ်ကွက်/ကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကော့သောင်း တပ်နယ်ဘောလုံးကွင်း၌ ကျင်းပခဲ့ရာ 555 FC အသင်းနှင့် HELLO FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ HELLO FC အသင်းက ၆–၀ ဖြင့် အနိုင်ရခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် တပ်နယ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းထိုက်နှင့် တာဝန်ရှိသူများက ဆုအသီးသီးကို ချီးမြှင့်ပေးခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ - ကျော်စိုး (ကော့သောင်း)

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ငါးဦးအား မတ်လတွင် ဂျပန်မှ ဖိတ်ခေါ်မည်

ရန်ကုန်၊ ဇန်နဝါရီ ၂၆

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအထောက်အကူပြု ဂျပန်အဖွဲ့အစည်း SME Support, Japan (SMRJ) သည် မတ်လ ၉ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော ASEAN CEO Program သို့ ဂျပန်နိုင်ငံရှိ လုပ်ငန်းများ နှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော အာဆီယံနိုင်ငံများမှ ကုမ္ပဏီ အခု ၄၀ ကို ဖိတ်ခေါ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီအစီအစဉ်ကို တတ်ဖို့အတွက် မြန်မာနိုင်ငံမှ လုပ်ငန်းငါးခုက စီအီးအို ငါးဦးကို ဂျပန်နိုင်ငံကို ဖိတ်ခေါ်မှာမို့ စိတ်ဝင်စားတဲ့သူတွေက ကုန်သည် စက်မှုအသင်းချုပ်မှာ ဒီလကုန်နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါတယ်။ လျှောက်လွှာတွေကိုတော့ SMRJS က တိုက်ရိုက်ရွေးချယ်သွားမှာပါ" ဟု SMRJS တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်တော်ယာဉ် အစိတ်အပိုင်းဆိုင်ရာ လုပ်ငန်းများ၊ စက်မှုဇုန်ဆိုင်ရာ စက်ပစ္စည်းလုပ်ငန်းများ၊ ဆေးဝါးဆက်စပ် လုပ်ငန်းများနှင့် ဆောက်လုပ်ရေး၊ အခြေခံအဆောက်အအုံလုပ်ငန်း လုပ်ကိုင်သူများ လျှောက်ထားနိုင်ကြောင်း ၎င်းအဖွဲ့အစည်းထံမှ သိရသည်။

အဆိုပါ အစီအစဉ်အရ ဖိတ်ခေါ်ထားသောကုမ္ပဏီများကို ဂျပန်နိုင်ငံရှိ လုပ်ငန်းများနှင့် စီးပွားရေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းများပေးခြင်း၊ ဂျပန်နိုင်ငံရှိလုပ်ငန်းများသို့ကွင်းဆင်း သွားရောက်လေ့လာစေခြင်း အစီအစဉ်များပါဝင်ပြီး ဂျပန်နိုင်ငံရှိ တိုကျိုနှင့် အိုဆာကာ နှစ်မြို့၌ ကျင်းပမည်ဖြစ်ပါသည်။

လေပြေ

သတင်းတို

မန္တလေး၌ မီးလောင် မီးသတ်ကား ၅၄ စီးသုံး

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၅ လမ်း၊ ၂၈လမ်းနှင့် ၂၉ လမ်းကြား၊ အကွက်အမှတ် ၇၁၈စိတ္တရ မဟီရပ်ကွက်၊ အိမ်အမှတ် ၇၀ အိမ်ရှင် ဒေါ်ခင်သန်း (မျက်မမြင်) ၈၈ နှစ်၊ နေအိမ်မှ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်အချိန်မှ စတင်လောင်ကျွမ်းခဲ့ရာ မီးလောင်ရာသို့ မီးသတ်ယာဉ် ၅၄ စီး၊ စည်ပင်ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီး နှင့် မီးသတ် တပ်ဖွဲ့ဝင်ပေါင်း ၁၅၀ ကျော်၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရာ၊ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းရတဲ့ အကြောင်းအရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုး ၈၂ သိန်းခွဲ ဖြစ်သည်။

အောင်ကျော်ဝင်း

[illegible]

[illegible]

[illegible]

Issue 27 B.indd 16 1/26/2014 2:05:05 PM

ရမည်းသင်းမြို့နယ်အတွင်း ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်များ

ပွင့်လင်းရာသီရောက်လာသည်နှင့်အမျှ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဘုရား၊ စေတီနှင့် တောင်တော်များတွင် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်များကျင်းပလျက်ရှိသည်ကို တွေ့ရသည်။ မြို့နယ်အတွင်းတွင် ဒေသအနှံ့အပြား လအလိုက်ကျင်းပကြခြင်းဖြစ်ပြီး ဗုဒ္ဓပူဇနိယဘုရားပွဲတော်များတွင် ဆွမ်းလောင်းပွဲ၊ ဆွမ်းတော်တင်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ထမနဲပွဲ၊ စုပေါင်းဒုလ္လဘရဟန်းခံပွဲ အစရှိသည့် ရိုးရာဓလေ့ ကောင်းမှုကုသိုလ်ပြုလုပ်နေများကိုလည်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပကြသည်။ ယင်းဗုဒ္ဓပူဇနိယဘုရားပွဲတော်များတွင် ဘောလုံးပြိုင်ပွဲ၊ ဂိုးကျဉ်းဘောလုံးပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ရိုးရာလှေပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ခတ်ပြိုင်ပွဲ အစရှိသော အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခြင်းကြောင့် ပွဲတော်ရက်များတွင် ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုအလိုက် အားကစားဝါသနာရှင်များ ပျော်ပျော်ပါးပါး ပါဝင်ကိုတွေ့ရသည်။ ယင်းကဲ့သို့ပင် ရိုးရာဓလေ့ ပွဲတော်များ၊ အားကစားပြိုင်ပွဲများအပြင် ညပိုင်းတွင် ဇာတ်ပွဲများ၊ အငြိမ့်ပွဲများ၊ တီးဝိုင်းနှင့် ဆိုင်းဝိုင်းများဖြင့် ကပြဖျော်ဖြေပွဲများပါသည့်အတွက် ယခုလရာသီတွင် အေးချမ်းစည်ကားမှုရှိသည်ဟုသိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ပုဂံဒေသသို့ပြည်ပခရီးသည် ဝင်ရောက်မှု ၃၅ ရာခိုင်နှုန်းမြင့်တက်

ရန်ကုန်၊ ဇန်နဝါရီ ၂၆

ယခုနှစ်ဇန်နဝါရီလအတွင်း ပုဂံဒေသသို့ ပြည်ပခရီးသည်ဝင်ရောက်မှုမှာ ယခင်နှစ်ဇန်နဝါရီလထက် ၃၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၅ ရက်က ပြောကြားသည်။

"တစ်ရက်ကို ၁၀၀၀ ကျော်လောက် ဧည့်သည်တွေလာတာကို တွေ့ရပါတယ်။ မနှစ်က ဇန်နဝါရီလက ဧည့်သည် ၁၉၄၄၄ ဦးဝင်ရောက်ခဲ့ပြီး ခုလအစကနေ ၂၃ရက်ထိ ၂၁၀၀၀ လောက်ရှိနေတဲ့အတွက် ၃၅ရာခိုင်နှုန်း တက်လာတယ်လို့ ပြောနိုင်ပါတယ်" ဟု ပုဂံမြို့၊ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးတင့်ဝေက ပြောသည်။

မြန်မာနိုင်ငံသို့ပြည်ပခရီးသည်ဝင်ရောက်မှုနှုန်းမှာ ယခုလ ၁၃ရက်နေ့ ဗန်ကောက်ပိတ်စို့မှု (Bangkok shut down) နောက်ပိုင်းပိုမိုများပြားလာနိုင်သည်ဟု ကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများက ခန့်မှန်းထားသည်။ ၂၀၁၃ ခုနှစ် တစ်နှစ်လုံးတွင် ပြည်ပမှ ခရီးသည် ဝင်ရောက်မှုနှုန်း၁ ဒသမ ၉ သန်းကျော်ရှိပြီး ယခုနှစ်မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ ရာထူးကိုပါ ထမ်းဆောင်ရမည့် အချိန်တွင် ပြည်ပခရီးသည် ၃သန်းခန့် မျှော်မှန်းကြကြောင်းသိရသည်။

"ခရီးသွားဝင်ရောက်မှုများလာလို့ သူတို့ရဲ့ လုံခြုံရေးအတွက်အသွားအလာများတဲ့နေရာတွေကို အထူးအဓိကထားပါတယ်။ တပ်ဖွဲ့ဝင်အင်အား ၅၈ဦးနဲ့ ဆောင်ရွက်နေပါတယ်" ဟု ပုဂံမြို့ ခရီးသွားလုပ်ငန်းရဲတပ်ဖွဲ့ထံမှ သိရသည်။ ၂၀၁၃ ခုနှစ်ဒီဇင်ဘာလ တစ်လလုံးတွင် ပုဂံဒေသသို့ပြည်ပခရီးသည်ဝင်ရောက်မှု ၂၇၀၀၀ကျော်ရှိခဲ့ကြောင်း သိရသည်။ **စိုးအောင်ဖေ**

ချို့တဲ့ကလေး ကျန်းမာရေးလစဉ် စောင့်ရှောက်ကူညီ နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

ပခုက္ကူ၊ ဇန်နဝါရီ ၂၆

ပခုက္ကူမြို့ကြီးတွင် ကလေးသူငယ်ကျန်းမာရေးကူညီမှုအသင်းကြီးမှ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ခေတ်ရှေ့ဆောင်ခန်းမ၌ ချို့တဲ့ကလေးငယ်များ ကျန်းမာရေး စောင့်ရှောက်မှု အလှူငွေထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ "ကျွန်တော်တို့ အသင်းကို ၂၀၁၀ ခုနှစ် မတ်လက စတင်တည်ထောင်ခဲ့ပါတယ်။ ၂၀၁၀ ဂီရိမုန်တိုင်းသင့်ကလေးသူငယ်များကနေ (၂၂-၁-၂၀၁၄) အထိ ကျန်းမာရေးဆေးဝါးထောက်ပံ့လှူဒါန်းငွေ (၄၆၇၂၀၀၀ိ/-) ကျပ်လှူဒါန်းနိုင်ခဲ့ပါတယ်"ဟု ဦးလေးနိုင်(နီလာပွဲရုံ)က ပြောသည်။ ကလေးသူငယ်ကျန်းမာရေးကူညီမှုအသင်းသည် မဟာဝိဇယရာမတိုက်ရှိ သံဃာတော်များကို အသည်းရောင် အသားဝါဘီပိုးကာကွယ်ဆေးထိုးပေး ကြသောဆရာဝန်များအား နံနက်စာ၊ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သုဂတိစေတနာအသင်း စာပေဟော ပြောပွဲအတွက် ကျပ်တစ်သိန်းလှူဒါန်းခြင်း၊ တိလောကာရာမကျောင်းတိုက် သံဃာတော်နှင့် သီလရှင်များ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ယဉ်ကျေး လိမ္မာဆရာဖြစ်သင်တန်းမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား/သူများအား နံနက်စာကျွေးမွေးခြင်းအပြင် ပခုက္ကူပြည်သူ့ဆေးရုံကြီးရောက် ချို့တဲ့ ကလေးငယ်များအား တစ်လလျှင် ၁၀ ဦး၊ တစ်ဦးလျှင် ကျပ် သုံးသောင်းနှုန်း လစဉ်ကူညီစောင့်ရှောက်ပေးနေကြောင်း သိရသည်။

ခရိုင်အတွင်းရှိ ချို့တဲ့ကလေးကျန်းမာရေး လစဉ်စောင့်ရှောက်ကူညီနိုင်ရေးအတွက် ကလေးသူငယ်ကျန်းမာရေးကူညီမှုအသင်းမှ ဆောင်ရွက်ပေးလျက်ရှိသည်။

နေဦးမောင်(ပခုက္ကူ)

ဆရာရဲ ဦးရေသန့် ဆံပင်သန်ဆေး

စာပေမြင့်မှ လူမျိုးတင့်မည်

ကားများအမြန်ငှားလိုသည်
ရန်ကုန်မြို့၊ မန္တလေးမြို့၊ မိတ္ထီလာမြို့များတွင် အသုံးပြုရန်
CANTER, DYNA, ISUZU

National Management College

အတွေးအမြင်

"လူ့သဘော လူ့မနော"

မောင်မောင်(ယထ)

အမေရိကန်နိုင်ငံမှာ ဖြစ်သည်။ ကုန်သည်တစ်ဦး သူနေထိုင်ရာမြို့ကြီးမှ အခြားမြို့ကြီးသို့ အဝေးပြေးလမ်းမကြီးအတိုင်း မော်တော်ယာဉ်ဖြင့် အရေးပေါ် ဖြတ်သန်းခရီးပြင်းနှင်ခဲ့၏။ သို့မောင်းနှင်လာရာ ညဥ့်နက်ပိုင်းသို့ ချဉ်းနင်းလာ၏။ ခရီးအတော်ပေါက်လာ၏။ ကံခေလိုက်ပုံမှာ သူ့ကားနောက် ဘီးတာယာတစ်လုံး ရုတ်တရက်ပေါက်သွား၏။ အချိန်က ယာဉ်နှင့်လူသူပြတ်လပ်ချိန်။ နေရာကား နေအိမ်တိုက်တာမရှိ ခေါင်သည့်အရပ်၊ ဘီးဖြုတ်လဲ ရန် အပိုတာယာဘီး ကားထဲမှထုတ်ယူ၏။ ကားကိုမြှင့်သည့် 'ဂျိုက်' (ဒုံးကုလား) ကိုရှာ၏၊ မတွေ့။ မိတ်ဆွေတစ်ဦး ခေတ္တငှားသွားသည်ကို မှတ်ဉာဏ်ထဲ ပြန်ပေါ်လာ၏။ ယာဉ်တစ်စီးတစ်လေ၏ အရိပ်အရောင်မျှမတွေ့။ သူ့စိတ်ဓာတ်များ အောက်သို့ စိုက်ဆင်းသွား၏။

သူ ဟိုဒီလှမ်းမျှော်ကြည့်၏။ "မျှော်လင့်ချက်ရောင်ခြည်လေး" လက်ခနဲ့ မြင်လိုက်ရ၏။ စိုက်ခင်းကွင်းပြင်ကျယ်ကြီး၏ ခပ်လှမ်းလှမ်းနေရာတွင် "မီး လက်လက်လေး" မြင်လိုက်ရ၏။ သူ အားတက် လန်းဆန်းသွား၏။ 'လယ်သမား' တစ်ဦး၏ အိမ်ဖြစ်သည်။ လယ်သမားတွင် လယ်ထွန်စက်၊ မော်တော် ယာဉ်များရှိ၏။ သို့ဖြင့် 'ဂျိုက်'လည်း မုချရှိရမည်။

'ဘာကြောင့်ရပ်ရပ်၊ လမ်းဘေးချရပ်' သူ့ကားကို စနစ်တကျရပ်ခဲ့ပြီးဖြစ်၏။ ရှေ့နောက် ဆိုင်းလင်းမီး သေးလေးများလည်း ဖွင့်ထားခဲ့၏။ သူ မီးပြပြ လက်နေသည့်အိမ်လေးသို့ ရှေ့ရှုချီတက်ခဲ့၏။ သို့ချီတက်ရင်း သူ့ခေါင်း၊ သူ့ဦးနှောက်၊ သူ့စိတ်၊ သူ့မနောကို အနားမပေး။ သူ့စိတ်သူ့မနော ကစကားများ ပြောနေ၏။ သူ့အသိဉာဏ်တံခါးတွေကို အကျယ်ကြီး ဖွင့်ထား၏။ အတွေးစိတ်ကူးများကို အလျှံပယ်အလုပ်ပေးထား၏။

"လယ်သမားကြီးကို ဘယ်လို စပြောရပါမလဲ။ စကားကို အယဉ်ကျေး၊ အချိုသာဆုံးပြောရမယ်" "ဦးခင်ဗျား. . . ကျွန်တော်ဟာ အရေးပေါ်ကိစ္စနဲ့ ခရီးသွားတစ်ယောက်ပါ။ လမ်းမှာ ကားဘီးပေါက်သွားပါတယ်။ "ဂျိုက်"ပါမလာတာနဲ့ ကားဘီးမလဲနိုင်လို့ပါ. . .။ တဆိပ်လောက် . . . ဦးအိမ်မှာ 'ဂျိုက်' ရှိရင် ခေတ္တခဏ ကျေးဇူးပြုပါ။ ပြီးတာနဲ့ ချက်ခြင်း ပြန်လာပေးပါမယ်ခင်ဗျား". . .။ သူ့မနောက စကားလုံးများကို အလှပဆုံး ရွေးချယ်ပြောနေ၏။ အနှီသူ့စကားလုံးများကို သူသိပ်ကျေနပ်သွား၏။ လယ်သမားကြီးလည်း ကျေနပ် သွားမှာပါ 'အိုကေ' သွားမှာ။ လယ်သမားကြီးက "အေးကွယ့် မောင်ရင်နှယ် အချိန်မတော်ကြီးမှ ဖြစ်ရလေကွယ်. . . ဦးမှာ ဂျိုက်တွေအများကြီးရှိပါတယ်။ ဦးကိုယ်တိုင်လည်း မောင်ရင့်ကို လိုက်ကူပါမယ်. . . မောင်ရင် တစ်ယောက်တည်း နိုင်ပ့ါမလား"။ လယ်သမားကြီးထံမှ ရရှိမည့် စေတနာ၊ မေတ္တာစကားများကို သူတွေးတောပြီး ပြုံးပြုံးကြီးခံစားနေ၏။ "လယ်သမားကြီး၏ အကူအညီပါရပါက သည်ကိစ္စအမြန်ဆုံးထမြောက်ပြီး ငါလည်း အရေးပေါ်ခရီးအမြန်ဆက်နိုင်ပြီ။ သူပြုံးပျော်နေ၏။

> အဖျက်စိတ်၊ အပျက်စိတ်၊ အဆိုးစိတ်၊ အညံ့စိတ်၊ အားလျှော့စိတ်၊ အနှုန့်စိတ်၊ အဆိုးမြင်စိတ်များ လျှပ်စီးလက်သကဲ့သို့ လျှပ်တစ်ပြက်သူ့မနောအတွင်းသို့ . . .

ထိုစဉ်၊ အဖျက်စိတ်၊ အပျက်စိတ်၊ အဆိုးစိတ်၊ အညံ့စိတ်၊ အားလျှော့စိတ်၊ အနှုန့်စိတ်၊ အဆိုးမြင်စိတ်များ၊ လျှပ်စီးလက်သကဲ့သို့ လျှပ်တစ်ပြက် သူ့မနောအတွင်းသို့ အတင်းထိုးဖောက်ဝင်ရောက်လာ၏။ သူတွေး၏ 'လယ်သမား'ဆိုတာ၊ လူ့ဂွစာတွေ အလွန်ငွေမက်တဲ့လူတန်းစားတွေ၊ ငါ 'ဂျိုက်'သွားငှားရင် ဘယ်လောက်ဘဲ ချိုသာယဉ်ကျေးအောက်ကျို့ခံ ပြောပြော သူတို့က 'ငွေမျက်နှာ'သာ ကြည့်တတ်တာကလား။ ဒီတော့ ငွေတောင်းမှာသေချာတယ်။ သူက ပြောမှာဘဲ 'အေး. . မောင်ရင် 'ဂျိုက်' ရှိတယ်ကွ၊ ဒါပေမယ့် အလကား မငှားနိုင်ဘူး။ 'လောကမှာဘာမှအလကားမရဘူး' တစ်ဆယ်ပေးရင် ငှားမယ်ဟေ့. . သူ တန်ဖိုးငွေကိုလည်း အပေါင်ပေးခဲ့ရမယ်။ တစ်ဆယ်ပေးမှ ငှားမယ်ကွာ' လို့ လယ်သမားကြီးက ပြတ်ပြတ်တောက်တောက် ဂျစ်ကန်ကန်ပြောပြီး ငွေတစ်ဆယ်တောင်းရင်ကော . . . ဘယ်လိုလုပ်ရပ့ါ. . .။ ငွေတစ်ဆယ်မဖြစ်လောက်ပါဘူး။ ပေးလိုက်တာပေ့ါ။ ငွေတစ် ဆယ်ရရင်တော့ သူ ကျေနပ်လောက်ပါရဲ့။ 'အို' မဟုတ်သေးပါဘူး တစ်ဆယ်လောက်နဲ့ ကျေနပ်မှာမဟုတ်ဘူး။ လူဆိုတာ‌လောဘသား. . အချိန်မတော် ညဥ့်နက်သန်းခေါင်ဆိုတော့ 'ဈေးကိုင်' မှာပေ့ါ။ လေးငါးခြောက်ရာ တောင်းချင်တောင်းနေမှာ။ မတရား တောင်းရင် ငါကလည်း သည်းမခံနိုင်။ 'ငါကခံတတ်တဲ့ကောင်'မှ မဟုတ်တာ။ ဘာလို့ပေးရမှာ လဲ. . .။ လာလာ ချည်သေး. .။ သိပ်ကြိုက်တတ်တယ်။ တော်တော်ဆိုးတဲ့ 'လယ်သမားကြီး' ပဲ . . .။

ထိုသို့ 'အပျက်စိတ်' အဖျက်စိတ် 'အဆိုးမြင်စိတ်' အရှုပ်အထွေး တစ်ထွေးကြီးကို သူရင်ဝယ်ပိုက်လာခဲ့၏။ သူ့တင်ကူးအတွေးများဖြင့် 'အာရုံတွေနောက်' ပြီး၊ လယ်သမားကြီး အိမ်အနီးသို့ ချဉ်းနင်းဝင်ရောက်လာ၏။ အိမ်ရှေ့သို့ရောက်သည်နှင့် လူခေါ်ခေါင်းလောင်းကို တီး၏။ လယ်သမားကြီးကို ခေါ်လိုက်မိ၏။

အိမ်အတွင်းမှ 'ချက်'ခနဲ မီးလင်းလာ၏။ 'ချပ်'ခနဲ တံခါးပွင့်လာ၏။ သူ လယ်သမားကြီးကို မျက်နှာချင်းဆိုက်လိုက်၏။ မျက်လုံးကိုစိုက်ကြည့်လိုက်၏။ သူ လယ်သမားကြီးကို သူပြောချင်နေသည့် 'စကားလုံး'များကို ရုတ်တရက် ပြောချလိုက်၏။

"ခင်ဗျားကြီးက 'ဂျိုက်' မငှားချင်လည်းနေပေ့ါ. . . လမ်းမှာ ညအိပ်ရုံပဲ၊ မနက်ကျ ကားတွေလာကြမှာပဲ။ မပူပါဘူး။ ခင်ဗျားကို ပိုက်ဆံတစ်ပြားမှလည်း မပေးတော့ဘူး။ တစ် ပြားမှ အကုန်မခံဘူး။ ခင်ဗျားကိုလည်း ဂရုမစိုက်ဘူး. . . ဒါပဲ။

သူ့တစ်ကိုယ်လုံး ဒေါသအငွေ့အသက်ကြောင့် တုန်ယင်နေ၏။ ဒေါသအမျက် ခြောင်းခြောင်းထွက်နေ၏။ ဒေါကြီးမောကြီးဖြင့် ဆိုခဲ့ပါ စကားလုံးများကို အော်ဟစ်ပြောဆိုမိခဲ့၏။ ချာကနဲ နောက်သို့ လှည့်။ လာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့လေတော့သည်။

လယ်သမားကြီးခမြာ ဘုမသိ၊ ဘမသိ၊ ဘာမှမသိ။ ကြောင်တောင်တောင်၊ တွေဝေအံ့သြမှုဝေဒနာများ အပြည့် အဝခံစားလျက် သူ၏ ကျောပြင်ကျယ်ကြီးကို ငေးမောကြည့်ရှုကျန်ရစ်ခဲ့ရှာပါတော့သတည်း။

မိတ္ထီလာ ဆိုင်ကယ်ရေဆေးလုပ်ငန်းခွင်တစ်ခုအားတွေ့ရစဉ်။ ဓာတ်ပုံ - ချမ်းသာ

မိတ္ထီလာတွင် ဆိုင်ကယ်စီးရေများလာခြင်းနှင့် အတူ ဆိုင်ကယ်ရေဆေးလုပ်ငန်းများ အလုပ်ဖြစ်

မိတ္ထီလာ ဇန်နဝါရီ ၂၆

မိတ္ထီလာမြို့တွင် မော်တော်ဆိုင်ကယ်ပိုင်ဆိုင်သူအရေအတွက် များလာသည်နှင့် အမျှ ဆိုင်ကယ်ရေဆေးလုပ်ငန်းလုပ်ကိုင်သူလည်း ပိုမိုများပြားလာပြီး အလုပ်ဖြစ်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

" လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ဆိုင်ကယ်ရေဆေးလုပ်ငန်းလုပ်တဲ့သူက တစ်မြို့လုံးမှာ ၁၀ ဆိုင်လောက်ပဲ ရှိတယ် ။အခုဆို တစ်မြို့လုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်း တစ်ဝက်ကျော်လောက်က ရေဆေးလုပ်ငန်းကို လုပ်ကိုင်နေကြတယ် " ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါဒေသတွင် မြို့နေလူတန်းစားများသာမက ကျေးလက်ဒေသတွင် နေထိုင်သူများပါ ဆိုင်ကယ်များ ပိုင်ဆိုင်လာကြပြီး ရေဆေးလုပ်ငန်းများမှာလည်း တစ်နေ့ထက် တစ်နေ့ အပြိုင်အဆိုင် ဖွင့်လှစ်လုပ်ကိုင်လာကြခြင်းဖြစ်သည်။

"အပြိုင်အဆိုင်ဖြစ်လာတော့ ဆိုင်ကယ်ရေဆေးဆိုင်တွေမှာ ရေဆေးတာအပြင် အခမဲ့ အင်ဂျင်ဝိုင်လဲပေးတာမျိုး၊ ဆိုင်ကယ်ရေဆေးပြီး ကစ်တိုက် (အရောင်တင်) ပေးတာမျိုးတွေ ပြုလုပ်လာကြတယ်။ ဆိုင်ကယ်တစ်စီးရေဆေးခ ကျပ် ၅၀၀ ပုံမှန်ယူကြတယ်။ ဆိုင်ကယ်အကြီး ယမဟာ ၊ ဟာလီ လို အမျိုးအစားတွေကိုတော့ ကျပ် ၁၀၀၀ ယူကြတယ် " ဟု မိတ္ထီလာတွင် ဆိုင်ကယ်ရေဆေးလုပ်ငန်းဖွင့်လှစ်လုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မိတ္ထီလာရှိ ဆိုင်ကယ်ရေဆေးလုပ်ငန်းသည် ဒေသခံလူငယ်အများအပြားကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးပြီး မိသားစုဝင်ငွေရရှိရေးကို တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုပေးလျက်ရှိကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ကိုးဘဲ့ရှိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း အကာခံယူပါ။

KBZ Bank Account No. 070 12 100 73 733

Diamond LAMP
CAR Rental

UNIQUE MARINE TRAINING CENTER

"ကျောင်းသားတိုင်းရဲ့အောင်မြင်မှုဟာ
သင်တန်းကျောင်းရဲ့ ဂုဏ်ပါ"

EXODUS KOREAN Language Centre

ဇန်ကောက်နှင့် အန်ကောဝပ်သို့ မော်တော်ယာဉ်များဖြင့် ခရီးစဉ်ဝန်ဆောင်မှုစတင်

ရန်ကုန်၊ ဇန်နဝါရီ ၂၆

ယခုလမှစ၍ ရန်ကုန်၊ မော်လမြိုင်နှင့် ဘားအံမြို့များမှ ထိုင်းနိုင်ငံ ဇန်ကောက်နှင့် ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းသို့ မော်တော်ယာဉ်များဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"လက်မှတ်ကို အနည်းဆုံးနှစ်ရက်ကြိုတင်မှာရမှာပါ။ ဗီဇာနဲ့ ပတ်စ်ပို့ကို ခရီးသည်ကလုပ်ရမယ်ဆိုပေမယ့် အဲ့ဒါပါ ဝန်ဆောင်မှုလိုချင်တယ်ဆိုရင်လည်း ရပါတယ်" ဟု အဆိုပါခရီးစဉ်ဝန်ဆောင်မှုပေးသော Vega Travel (မော်လမြိုင်) မှ မန်နေဂျာ ဒေါ်ညိုမီထွန်းက ပြောသည်။

ရန်ကုန်မှ ဇန်ကောက်သို့ မော်တော်ယာဉ်ခရီးစဉ်ဖြင့် ၁၆နာရီကြာမြင့်မည်ဖြစ် ပြီး ရန်ကုန်နေအိမ်မှ ဇန်ကောက်ရှိနေအိမ်၊ သို့မဟုတ် ဟိုတယ်သို့ ကျပ် ၅၅၀၀၀၊ ရန်ကုန်ကားဂိတ်မှ ဇန်ကောက်ကားဂိတ်သို့ ကျပ် ၄၅၀၀၀ အသီးသီးရှိသည်။ဘားအံနေအိမ်မှ ဇန်ကောက်တည်းခိုရာနေရာသို့ ကျပ် ၄၅၀၀၀၊ ဘားအံကားဂိတ်မှ ဇန်ကောက်ကားဂိတ်ကို ကျပ် ၄၀၀၀၀၊ ရန်ကုန်နေအိမ်မှ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းသို့ ကျပ် ၆၀၀၀၀၊ ဘားအံနေအိမ်မှ အန်ကောဝပ်ဘုရားကျောင်းသို့ ကျပ် ၅၅၀၀၀ နှင့် မော်လမြိုင်နေအိမ်မှ အန်ကောဝပ်ဘုရားကျောင်းသို့ ကျပ် ၅၅၀၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိနေကြောင်း ၎င်းက ဆိုသည်။

ခရီးစဉ်တွင် အိမ်တိုင်ရာရောက် ကြိုပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ခရီးစဉ်စတင်သည့်အချိန်တွင် ရန်ကုန်မှ မြဝတီသို့ အဆင့်မြင့်ကားသေးများဖြင့် ပို့ဆောင်သွားမည်ဖြစ်သည်။ ထို့နောက် မဲဆောက်သို့ကားပြောင်းစီး၍ ထိုမှတဆင့် ဇန်ကောက်သို့ အဆင့်မြင့်အဝေးပြေးနှစ်ထပ်ယာဉ်များဖြင့် တည်းခိုရာအထိလိုက်လံပို့ဆောင်ပေးမည်ဟု သိရသည်။

လက်ရှိပြေးဆွဲနေသည့်မြို့များအပြင် အခြားမြို့နယ်များတွင်လည်း ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဒေါ်ညိုမီထွန်းက ဆိုသည်။

တင်မောင်ဦး

အန်ကောဝပ်ဘုရားကျောင်းမှ သမိုင်းအမွေအနှစ်မြင်ကွင်း။

ပုဂံရှေးဟောင်းဒေသအတွင်း ၁၉၉၅ခုနှစ်နောက်ပိုင်း ဘုရားဌာပနာဖောက်ထွင်းမှု လျော့နည်းလာ

ရန်ကုန်၊ ဇန်နဝါရီ ၂၆

ပုဂံရှေးဟောင်း ဒေသအတွင်း စေတီပုထိုးများနှင့် သိမ်များအား တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်ခြင်းကြောင့် ၁၉၉၅ ခုနှစ်နောက်ပိုင်း တွင်ဘုရားဌာပနာ ဖောက်ထွင်းမှုများ လျော့နည်းကျဆင်းသွားကြောင်း ပုဂံမြို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပုဂံဒေသအတွင်းရှိ စေတီပုထိုးများ၊ သိမ်များနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများအား တူးဖော်ခြင်း၊ရွှေ့ပြောင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့ မပြုလုပ်နိုင်ရန် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိသောကြောင့် ၁၉၉၅ခုနှစ် နောက်ပိုင်းတွင် လုံးဝကွယ်ပျောက်သွားသည့် အခြေအနေတွင်ရှိလာကြောင်း သိရသည်။

"၁၉၉၅ ခုနှစ်မတိုင်မီက ဘုရားဌာပနာဖောက်တာ နှစ်မှုဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အကုန်လုံးကိုလည်း တာဆီးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ လုံးဝပျောက်ကွယ်သလောက်ဖြစ်သွားပါတယ်။ ဒီလိုမဖြစ်အောင်လည်း သက်ဆိုင်ရာတန်ခိုးကြီး ဘုရားတွေမှာ လုံခြုံရေးတွေနေ့ည မပျက်ဆောင်ရွက်ထားပါတယ်"ဟု ပုဂံမြို့ ဟောင်းရှေးသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မ ၂၃၊ပုဒ်မခွဲ ၁ အရ မည်သူမဆို အစိုးရက ကာကွယ်စောင့်ရှောက်ထားသော အဆောက်အအုံ တစ်ခုခုကို သော်လည်းကောင်း၊ ထိုအဆောက်အအုံ၏ ဥပစာအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုကိုသော်လည်းကောင်း၊ ပုဒ်မ ၄-ခ အရ ညွှန်ကြားရေးဝန်က ထိန်းသိမ်းသူအဖြစ် တာဝန်ယူ၍ ပြုပြင်ထားသော ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုကိုလည်းကောင်း၊ တမင်ဖျက်ဆီးလျှင် သို့တည်းမဟုတ် ပြောင်းလဲလျှင် သို့တည်းမဟုတ်ရွှေ့ပြောင်းလျှင် ထိခိုက်ချို့ယွင်းစေလျှင် သို့တည်းမဟုတ် ပြောင်းလဲလျှင် သို့တည်းမဟုတ် အသွင်ပျက်စေလျှင် သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေလျှင် သို့တည်းမဟုတ် တူးဖော်လျှင် ခြောက်လထက်မနည်း သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်းခံရမည့်အပြင် ကျပ်ငါးရာထက်မနည်း ကျပ်ငါးထောင်ထက်မများသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်ဟု ဖော်ပြထားသည်။

ပုဂံဒေသသည် ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်ဦးစီးဌာနမှ ယာဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာ ဇုန်အဖြစ်သတ်မှတ်ထားသည့် ၄၆ ခုတွင် ထိပ်ဆုံးမှပါဝင်ပြီး ရှေးဟောင်း သမိုင်းဝင်စေတီ၊ ပုထိုးနှင့် သိမ်ပေါင်း ၃၁၂၂ ခုရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**

သဘာဝပတ်ဝန်းကျင်ကိုကယ်တင်မယ့် ... (စာမျက်နှာ၁၆)မှ

ကုန်ဆုံးမှုကိုလျှော့ချနိုင်မယ်၊ ဒ့ါအပြင် မီးခိုးထွက်ရှိမှုကိုပါ လျှော့ချနိုင်တော့မှာပါ။ ကုန်ကျစရိတ်နည်းပါးသွားပြီး၊ အလုပ်ပိုတွင်နိုင်သွားမှာပေ့ါ။

အရွယ်အစားကိုတော့ အကြီး၊ အလတ်၊ အသေးမျိုးစုံ ထုတ်နိုင်ပါတယ်။ အိမ်သုံးအရွယ်အစား၊ ဆိုင်သုံးအရွယ်အစား၊ လိုအပ်သလို ထုတ်လို့ရပါတယ်။ ဒ့ါအပြင် ထင်း၊ မီးသွေးနဲ့တင်မကပဲ လျှပ်စစ်တို့၊ ဓာတ်ငွေ့တို့လို အခြားစွမ်းအင်သုံးဖို့တွေလည်း ထုတ်လို့ရပါတယ်။ တီထွင်ကြံဆလို့ အင်မတန်ကောင်းတဲ့ ထုတ်ကုန်တစ်မျိုး ပေါ်ထွက်လာမှာပါ။ အသုံးလည်း အင်မတန်တွင်ကျယ်လာမှာပါ။ မီးဖိုလောကကိုတောင် တစ်ခေတ်ဆန်းသစ်ပြောင်းလဲနိုင်ပါလိမ့်မယ်။

ကျွန်တော်တို့တိုင်းပြည်မှာ ယခုအချိန်ဟာ SME အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းတွေ ထူထောင်ကြဖို့ တော်တော်လိုအပ်နေချိန်ဖြစ်တော့ ကျွန်တော်တို့ထုတ်ကုန်အသစ်တွေ အကြီးအကျယ် တီထွင်ကြံဆဖို့ လိုအပ်နေပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တီထွင်ကြံဆမှုတွေ အကြီးအကျယ်လုပ်ကြရပါလိမ့်မယ်။ ကျွန်တော်တို့ သူများနောက်လိုက်ပဲ လုပ်လာခဲ့ကြတာ အတော်ကြာခဲ့ပါပြီ။ ကိုယ်က ရှေ့ကနေ ဦးဆောင်ပြီးလုပ်နိုင်တာ၊ ဘာတစ်ခုမှ မရှိသေးပါဘူး။ အားပေးပံ့ပိုးမှုအပိုင်းကတော့ စပြီးကမ်းလှမ်းတိုက်တွန်းနေကြပါပြီ။ ဒါပေမယ့် တွေးခေါ်ကြံဆမယ့်သူတွေတော့ မပေါ်ကြသေးတာက စာတွေ့ပိုင်းနဲ့ပဲ ပြီးနေကြလို့ဖြစ်ပါတယ်။ တီထွင်ကြံဆမှုတွေဆိုတာဟာ လက်တွေ့ပိုင်းလုပ်ဆောင်မှုတွေကနေမှ ပေါ်ထွက်လာတာဖြစ်ပါတယ်။

ပြီးတော့ တကယ်တီထွင်ကြံဆနိုင်တဲ့ အလားအလာရှိတဲ့သူတွေကို ဖိတ်ခေါ်ဖော်ထုတ်ပေးဖို့လည်းလိုပါတယ်။ ကျွန်တော်တို့လာတောမယ့် အာဆီယံ စီးပွားရေးအသိုက်အဝန်းမှာ သူများတွေနဲ့တန်းတူလိုက်မီနိုင်ဖို့ဆိုရင် ကျွန်တော်တို့မှာ ချပြစရာတွေရှိမှဖြစ်မှာပါ။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ဘာမှမရှိထားပဲနဲ့ သူများကို ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်ပါဘူး။ အဲဒီအခါကျရင် သူများခိုင်းသမျှ လုပ်ရတဲ့လခစားပဲ ကျွန်တော်လုပ်ကြရပါလိမ့်မယ်။ သူများလက်အောက်ခံဘဝနဲ့တော့ ကျွန်တော်တို့ ဘယ်လိုမှ မတိုးတက်နိုင်ပါဘူး။ ကျွန်တော်တို့ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကိုယ်ပိုင်တီထွင်ကြံဆမှုတွေအားလုံး လုပ်ဆောင်ကြဖို့လိုပါတယ်။ ကျွန်တော်လည်း တစ်ယောက်တည်း မစွမ်းဆောင်နိုင်လို့ အကျိုးတူပေါင်းစပ်လုပ်ကိုင်လိုတဲ့ မိတ်ဆွေစီးပွားဖက်တွေကို ဖိတ်ခေါ်ကမ်းလှမ်းပါတယ်။ ကျွန်တော် ဒီတီထွင်ကြံဆမှုတွေကို တကယ်ထုတ်လုပ်မယ့်သူတွေနဲ့ ညှိနှိုင်းဆွေးနွေးလိုပါတယ်။

ကျွန်တော့်ဆီကို ဖုန်းနံပါတ် ၀၉-၂၅၀၃၅၉၆၆၀ မှတစ်ဆင့် ဆက်သွယ်နိုင်ပါတယ်။ ဒီဇိုင်းတွေဟာ တရားဝင်ကုန်ပစ္စည်း မှတ်ပုံတင်ပြုလုပ်ထားပြီးပါပြီ။

ကျွန်တော်တို့အားလုံး ပေါင်းစပ်ပြီး တီထွင်ကြံဆမှုတွေနဲ့ စီးပွားရေးရော၊ သဘာဝပတ်ဝန်းကျင်ပါ နှစ်ဖက်လှဖြစ်အောင် စွမ်းဆောင်ကြဖို့ ဖိတ်ခေါ်တိုက်တွန်းရင်း SME ကဏ္ဍ အရှိန်မြှင့်ဖို့ ကျွန်တော်ရဲ့ တီထွင်ကြံဆမှုတွေနဲ့ အားဖြည့် တင်ပြလိုက်ပါတယ်ခင်ဗျား။

၁၀၀% အောင်မြင်မှုအကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော
Better Tomorrow
EPS-TOPIK
(ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း
Co-Operative With Korea Social Education Center of Myanmar
Ph:01-512804, 09-43029256

PST Construction

၂၀၁၄-ခုနှစ်

COROLLA
CNG - Taxi

အစိုးရနည်းပညာ အထက်တန်းကျောင်းများ တစ်နိုင်ငံလုံး တွင် ၃၆ ကျောင်းဖွင့်လှစ်ပေးပြီးဖြစ်

ထားဝယ်၊ ဇန်နဝါရီ ၂၆

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် လူငယ်၊ လူရွယ်များအား အခြေခံပညာ အထက်တန်းအဆင့်မှ ၎င်းတို့ဒေသအတွင်း နည်းပညာဘာသာရပ်များကို လေ့လာသင်ကြားနိုင်စေရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနက အစိုးရနည်းပညာ အထက်တန်းကျောင်းများကိုတစ်နိုင်ငံလုံးတွင် ၃၆ ကျောင်းဖွင့်လှစ်ပေးခဲ့ပြီဖြစ်ကြောင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

PC Myanmar Company Ltd (Hong Kong) မှ လှူဒါန်းသော နှစ်ထပ်အာရ်စီ အလျား၁၀၀ ပေ၊ အနံ၃၀ ပေ၊ အမြင့်၂၂ ပေ၊ ကျပ် ၁၃၃၃၆၂၆၉၄ သန်း တန်ဖိုးရှိ ထားဝယ်မြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်း စာသင်ဆောင်သစ် လှူဒါန်းပွဲနှင့် ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၄ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ယခုလက်ရှိတွင် ထားဝယ်နှင့် မြိတ်ခရိုင်တို့တွင် တိုင်းဒေသကြီးအတွင်း အစိုးရနည်းပညာ အထက်တန်းကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ကော့သောင်းခရိုင်တွင်လည်း ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ခြင်းကြောင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ရည်မှန်းချက်တွင်ပါဝင်သည့် ကျောင်းများ၏ဥပဓိရုပ် ကောင်းမွန်စေရေး၊ စာသင်ခန်းများ အဆင့်မီ လုံလောက်စွာရှိရေးတို့ကို လုပ်ဆောင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အစိုးရနည်းပညာ အထက်တန်း

> **ကော့သောင်း ခရိုင်တွင် ထပ်မံဖွင့် . . .**

ကျောင်း(ထားဝယ်) ကျောင်းအုပ်ကြီး ဦးမျိုးမင်းဟန်က ပြီးခဲ့သည့် ၂၀၀၉ ခုနှစ် မေလတွင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ထားဝယ်)ကို စတင်ဖွင့်လှစ်ခဲ့ပြီး အီလက်ထရောနစ်၊ မော်တော်ယာဉ် အင်ဂျင်ဆိုင်ရာ ပြုပြင်မှု၊ အဆောက်အအုံဆိုင်ရာနှင့် လျှပ်စစ်ဆိုင်ရာနည်းပညာ သင်တန်းလေးခုကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ အစိုးရနည်းပညာ အထက်တန်းကျောင်း စာသင်ဆောင်သစ်ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁ ရက်တွင် စတင်ပန္နက်ချ တည်ဆောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြီးစီးခဲ့သည်။ **ကျော်ကျော်လတ်**

ကရင်ပြည်နယ်၊ မြို့နယ်ခုနစ်မြို့နယ် အတွင်းရှိ အလုပ်သမားများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပနေစဉ်။

အလုပ်သမားများ၊ တောင်သူလယ်သမားအနေဖြင့် အခက်အခဲများ အဆင်မပြေစရာရှိပါက ဆွေးနွေးပေးရန် ဒုတိယဝန်ကြီးတိုက်တွန်း

ဘားအံ၊ ဇန်နဝါရီလ ၂၆

